ဒီဃဘာဏက ဒီဃနိကာယကောဝိဒ

## သီရိကုဏ္ဍလမထေရ်

ပြုစုသော

# နဝင်္ဂသီလဝိနိစ္ဆယကျမ်း

၂၉၄.၃၁၁
သရ

ဓမ္မဒါနပြုရန်

ဓဒပဒေသာကပုံနှိပ်တိုက်၊ အမှတ်-၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ဒီဃဘာဏကဒီဃနိကာယကောဝိဒ

သိရိကုဏ္ဍလမထေရ်

ပြုစုသော

# နဝင်္ဂသီလဝိနိစ္ဆယ

စာကြည့်တိုက်

ဓမ္မဒါနပြုရန်

ဥပလောကပုံနှိပ်တိုက်၊ အမှတ်-၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

[ဘာသာရေး ခွင့်ပြုချက် အမှတ် ၆၂၃၂]

**အဖုံးရိုက်**
ဝင်းအောင်

**ပုံနှိပ်ခြင်း ပထမအကြိမ်**
[ ၃၅၀၀ ]

**ထုတ်ဝေနှစ်**
[ မတ်လ၊ ၁၉၇၃ ]

**စာအုပ်ချုပ်**
မိုးပြာ

**ပုံနှိပ်/ ထုတ်ဝေ**
မင်္ဂလာ ဦးအောင်မြင့်၊ (ကင်းလွတ်ခွင့် ၀၂၀၂၄) အမှတ်၅/၆၊ စိန်မေတ္တာလမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောက ပုံနှိပ်တိုက်၊ အမှတ်-၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# အကြောင်းပြနိဒါန်း

## အစတု သစ္စ မင်္ဂလံ

နဝင်္ဂသီလ ဆောက်တည်သင့်၊ မဆောက်တည်သင့်ကို၊ ကွဲကွဲပြားပြား သိလိုကြသည့်၊ ဒါးပိန်မြို့- ဦးမြင့်ဆွေ၊ သပြေရွာ-ဆရာကြီး ဦးထွန်းတင်; ဦးစိုး-စသော ရတနာသုံးရပ်၊ မပြတ်ဆည်းကပ်ကြသူ ဥပါသကာ-ဗုဒ္ဓသာသနာဝင် သူတော်စင်တို့က၊ ဇောတိကာရုံ ဆရာတော်ဘုရားအား အဆုံးအဖြတ် ကျမ်းငယ်တဆူ ပြုစုပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထား ကြသည်။

ဆရာတော်ဘုရားကလည်း၊ လျှောက်ထားကြသော ဥပါသကာတို့ကို ကရုဏာ ရှေ့ထား၍၊ ဤမည်သော နဝင်္ဂသီလဝိနိစ္ဆယကျမ်းငယ်ကို ရေးသားချီးမြှင့်ခဲ့သည်။

ကျနုပ်တို့သည် တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့၏၊ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့စဉ်(၁၃၂၀-ခုနှစ်)က၊ ဇောတိကာရုံဆရာတော်ကလေးသည် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ ဝင်ရောက်၍ ဒီဃနိကာယ်သုံးကျမ်းကိုပြန်ဆိုခဲ့သောကြောင့် ဒီဃဘာဏကအဖြစ် ရင်းနှီးစွာသိခဲ့ရပေသည်။ ထိုနှစ်၌ပင် အောင်မြင်ခဲ့၍

# အကြောင်းပြန်ဒါန်း

ဗုဒ္ဓသာသန ဒီဃဘာဏက ဘွဲ့ကို ရခဲ့သည်သာ မက ၁၃၂၉-ခုနှစ်၌လည်း ရေးဖြေအောင်ခဲ့၍၊ ဒီဃနိကာယ ကောဝိဒဘွဲ့ကိုပါ ရသောကြောင့် ပိဋကတ်တပုံအောင် သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးအဖြစ် နိုင်ငံတော် အစိုးရ တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့က ကိုးကွယ်ခဲ့လေသည်။

ဇောတိကာရုံ ဆရာတော်ကား ၁၃၁၃-ခုနှစ်ကပင် အစိုးရ ပထမပြန် သာသနဓဇသိရိပဝရဓမ္မာစရိယဘွဲ့ကို ရခဲ့၍၊ မုံရွာမြို့၊ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်၌ စာချကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆဋ္ဌသံဂါယနာတင်စဉ်ကလည်း ပါဠိပဋိဝိသောဓက တာဝန်နှင့် နိုင်ငံရပ်ခြား တိုင်းတပါးသား ရဟန်း တော်တို့အား မြန်မာစာပို့ချရသည့် မြန်မာစာကထိက တာဝန်ကို ဆောင်ရွက်ခဲ့လေသည်။

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၏ နိကာယ်ငါးရပ် ပိဋကတ် စာမေးပွဲကြီး၌လည်း ဒီဃ နိကာယဘာဏက ဂန္ထိရဉာဏဘွဲ့ကို ရခဲ့ပြန်သေးသည်။

သည်သာမကသေးပါ၊ ဇောတိကာရုံဆရာတော်သည် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၌ တဝါ သီတင်းသုံး၍၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ နည်းဥပဒေသကို ခံယူကာ၊ ပဋိပတ္တိ လုပ်ငန်းကိုလည်း ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့ ကျေနပ်လောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ပါသေးသည်။

ဤသို့ ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံသော ဇောတိကာရုံဆရာတော်(ဒါးပိန်မြို့၊ ဇောတိကာရုံတိုက် မဟာနာယကသီရိကုဏ္ဍလထေရ်)သည်၊ ဆင့်မူ ပိဋကတ်အကိုးအကားတို့ဖြင့် ခိုင်လုံပြတ်သားစွာ တိတိကျကျ မိမိရရအဆုံးအဖြတ် ပေးထားသော "နဝင်္ဂသီလ ဝိနိစ္ဆယ" ကျမ်းငယ်ကို ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူ ပြည်သူ အပေါင်းတို့ ဝမ်းမြောက်စွာ ဖတ်ရှု ကျင့်သုံး နိုင်ရန် ဓမ္မဒါန ပြုလိုကြသော ဒါးပိန်မြို့ ဦးမြင့်ဆွေ စသော ဥပါသကာ အပေါင်းတို့က စာအုပ် ဖြစ်မြောက်ရေး အကူအညီ တောင်းလာ သောကြောင့် ကျွန်ုပ်တို့က စေတနာဖြင့် ဝမ်းမြောက်စွာ ကူညီဆောင်ရွက်ပေးအပ်ပါသည်။

မင်္ဂလာပါခင်ဗျား

မင်္ဂလာအောင်မြင့်

၁၃၃၄-ခု၊ တော်သလင်းလဆန်း ၇-ရက်

# နဝင်္ဂသီလဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဂန္ထာရမ္ဘ)

ဥပ္ပါဒါယဿ ကေဿ၊ ဝိဝါဒဘာယဒဿိနော။
ဗဟူ ဇနာ အဝိဋ္ဌိံသု၊ ဝရံ သာမဂ္ဂိယံ သုခံ။
ခေမင်္ဂတံ ဘိဝန္ဒာမိ၊ သသံဃံ လောကနာယကံ။
သဥ္စာတံ မမ ကာယေ သော၊ မေတ္တံ ကမ္မံ ပဝူရယော။
ဝိဝါဒေါ ဒါနိ ဥပ္ပဇ္ဇ၊ ကမ္မေ နဝင်္ဂုပေါသထေ။
တံ ဝိဝါဒံ သမေဿာမိ၊ သဟာဓမ္မိက ဘိန္ဒနံ။

ကေဿ-ပြိုင်ဘက်မပျူ တဆူတည်း ဖြစ်တော် မူထသော၊ ဝိဝါဒဘာယဒဿိနော-ဝါဒကွဲပြု ငြင်းခုံမှု၌ ဘေးဟု ရှုတော်မူလေ့ရှိထသော၊ ယဿ-အကြင် မြတ်စွာဘုရား၏၊ ဥပ္ပါဒါ-ထင်ရှားဖြစ်ပေါ် ပွင့်ထွန်းတော်မူလာခြင်းကြောင့်၊ ဗဟူ ဇနာ-များစွာသော နတ်လူအပေါင်းတို့သည်၊ သာမဂ္ဂိယံ-ညီညွတ်မှုကြောင့်

ဖြစ်သော၊ ဝရံ သုခံ-လိုလားတောင်းအပ် ချမ်းသာမြတ်ကို၊ အဝိန္ဒိ သု-နှစ်သိမ့်ဖွံ့ဖွံ့ ရကြလေကုန်ပြီ။ ခေမင်္ဂတံ-ဘေးရန်ကင်းရာ လွန်ချမ်းသာသည့် ခေမာစခန်း ပြည်နိဗ္ဗာန်မြနန်းသို့ ကြွမြန်းဆိုက်ရောက်တော် မူပြီးထသော၊ သသံဃံ-အရိယာ သံဃာနှင့်တကွ ဖြစ်ထသော၊လောကနာယကံ-လူအပေါင်း၏ အကြီးအမှူးခေါင်းဆောင် ဖြစ်တော်မူပြီးသသော၊ တံ-ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ အဘိဝန္ဒာမိ-ရိုသေမြတ်နိုး ဦးညွတ်ကြိုးလျက် ရှိခိုးပါ၏။

သော-ထိုမြတ်စွာဘုရားသည်၊ မမ-အကျွန်ုပ်၏၊ ကာယေ-နာမ်ရုပ်အပုံ ကာယစုံ၌၊ သဥ္စာတံ-ကောင်းစွာစဉ်ဆက် ဖြစ်ပွားလျက်ရှိသော၊ မေတ္တံ ကမ္မံ-မေတ္တာစိတ်ဖြင့် ယိုဖိတ်စီမံ ကောင်းမှုကံကို၊ပပူရယေ- ပပူရယတု-မပြည့်မချင်း ဉာဏ်ပွင့်လင်းအောင် ဖြည့်တင်းနိုစ္စ ကယ်မတော်မူပါစေသတည်း။

ဒါနိ-ဣဒါနိ-သာသနာ အလာကောင်းသော်လည်း အခါနှောင်းသည်ဆိုရသည့် ယခုခေတ်ကာလ၌၊ နဝင်္ဂပေါသထေကမ္မေ-ကိုးပါးသီလ ခေါ်ဆိုရသည့်မွေလမ်းမှန် ဥပုသ်ကံ၌၊ယောဝိဝါဒေါ-မဆောက်တည်သင့် ဆောက်တည်သင့်ဟု မေးနှင့်ဖြေကြား ဝါဒပြားလျက် နှစ်ပါးနှစ်စု အကြင်ငြင်းခုံမှုသည်၊ ဉပ္ပဇ္ဇိ-မြှော်လင့်ဘွယ်မဲ့ ဖြစ်ပေါ်ခဲ့လေပြီ၊ သဟဓမ္မိကဘိန္ဒနံ-ကျင့်ဘက်တူချင်း မိတ်တသင်းအား ဖြိုခွင်းဖျက်ဆီးတတ်သော၊တံ ဝိဝါဒံ-ဘေးကြီးအသွင် ဉာဏ်ဖြင့်မြင်၍ ရှောင်ကြဉ်သင့်စွ ထိုဝိဝါဒကို၊ သမေဿာမိ-ယထာဘူတ လမ်းမှန်ပြ၍ ဆန္ဒသမ္ဘာ ခတ်မေတ္တာ

ဖြင့် ကောင်းစွာညီရေး ထိန်းသိမ်းပေးလျက် ငြိမ်းအေးစေပါအံ့ သတည်း။

နဝင်္ဂဥပုသ် နဝင်္ဂသီလကို အချို့ဆရာတော်များက မဆောက်တည်သင့်ဟူ၍ငြင်း၊ အချို့ဆရာတော်များက ဆောက်တည်သင့်၏ ဟူ၍ငြင်း မိမိတို့၏ အယူအဆ သဘောကျသည့်အတိုင်း အကြောင်းပြလျက် ဝိဝါဒဖြစ်ကြရာတွင် မဆောက်တည်သင့်ဆိုသော ဆရာတော်များ၏ ဝါဒကို ရှေးဦးစွာထုတ်ပြ၍ လက်ခံသိမ်းပိုက်အပ်သော ဝါဒအဆုံးအဖြတ်ကို....ယုတ္တိသာဓက စုံလင်စွာဖြင့် ပြဆိုရေးသားပါအံ့။

## မသင့်ဟု ဆိုတော်မူကြသော ဆရာတော်များနှင့် ယင်းတို့၏ဝါဒ

### ၁။ မြတောင်ဆရာတော် အဆုံးအဖြတ်

မြတောင်ဆရာတော် တရားဓမ္မလမ်းမှန်ကျအောင် အမိန့်ရှိလိုက်သည်၊ မေတ္တာဟူသော ဗြဟ္မဝိဟာရကော ကျွန်တော်ကို သဗ္ဗညုကိုယ်တော်ကပင် နှင်လဲကမ္ဘာနှင်း(၄၀)အဝင် ကရုဏာစသည်တို့နှင့်အတူ ဘာဝနာတခုဟူ၍ သီးသန့်ပိုင်းခြားထား၍ ဟောတော်မူပါသည်၊ ကျွန်တော်လဲ ဈာန်သမာပတ်ကိုရအောင် တတ်နိုင်ပါသည်၊ စုတိကျသည့်နောက် ဗြဟ္မာ့ဘုံတိုင်အောင် ရောက်စေနိုင်ပါလျက် ကရုဏာစသည်တို့အောက် အယုတ်အညံ့ထား၍ လူ့ဘုံနတ်ရွာလောက်ကိုသာ အကျိုးပေးစွမ်းနိုင်သော ယုတ်ညံ့သိမ်ဖျင်းသော ဝိရတီသီလအတွင်း သွင်းထားပြီးသကာလ ဥပုသ်ဆောက်တည်ကြသည်ကို ကျွန်တော်ကသည်းမခံနိုင်ပါဟုတရားစွဲ

ဆင်ခြေတက်ရန်ရှိသည်ကို သဘောကြီးကြီးထားသဖြင့် မောင်ယံ၏ သာဝက မပြုလုပ်ကြပဲ ဘုရား လက်ထက်က ဝိသာခါ အနာထပိဏ်စသော ဥပါသကာ ဥပါသိကာတို့ကဲ့သို့ အင်္ဂါသီလကို ဆောက်တည်ကြမှသာ လမ်းမှန်ကြလိမ့်မည်၊ လမ်းမှန်စောင်းတက်က ဆူးငြောင့်စူးတတ်သည် သူတော်ကောင်းတို့။

နန်းမတော်ဝန် မောင်ယံက ကိုးပါးသီလကို လူတို့ စောင့်အပ်ကြောင်း ဟောပြော၍ ယခုအခါ ကိုးပါးသီလကို စောင့်ကြပါသည်၊ အပ် မအပ် အဆုံးအဖြတ်ပေးတော်မူပါဟု စာရေးတော်ကြီး မောင်ခေါင်လျှောက်ထား၍ မအပ်ကြောင်း မြတောင်ဆရာတော် အဆုံးအဖြတ် (မဏိစလ အတ္ထုပ္ပတ္တိကျမ်း-၃၀၅)

## ၂။ ညောင်လွန့် တောရ ဆရာတော် အဆုံးအဖြတ်

နဝင်္ဂသီလ ဆောက်တည်ပုံကို သိလိုပါသည် ဟူရာ၌လည်း၊ ၎င်း နဝင်္ဂသီလသည် ဆောက်တည်သောအခါ တနည်းတဖုံပြုလုပ်၍ ဆောက်တည်ရသော သီလမဟုတ်၊စင်စစ်မှာမူကား အင်္ဂါ (၈)ပါးနှင့်ပြည့်စုံသော အရိယသီလဟုဆိုအပ်သော ရှစ်ပါးသီလကို ဆောက်တည်၍ မေတ္တာကို ပွားများအားထုတ်နေလျှင် နဝင်္ဂသီလက စောင့်ထိန်းသည်မည်၏၊ နဝင်္ဂသီလရ၏ (နဝင်္ဂုတ္တရပါဠိထုတ်၍ အနက်ပေးသည်၊ ထိုနောက်ဆက်၍ ဤပါဠိတော်၌ မေတ္တာအင်္ဂါကို ကြွင်းသော အင်္ဂါများကဲ့သို့ ခံယူရမည်မဟုတ် ပွားများရမည်ဟုသာ ဟောတော်မူသည်၊ နဝင်္ဂသီလကို အလိုရှိလျှင် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို ခံယူဆောက်တည်ပြီး၍ မေတ္တာကမ္မဋ္ဌာန်း အားထုတ်စီးဖြန်းလျှင် နဝင်္ဂသီလ

ကိုရ၏၊ နဝင်္ဂသီလကို စောင့်သည်မည်၏။(ပကိဏ္ဏက ဒီပနီကျမ်း တတိယတွဲ-၁၃၇)

**၃။ သူဌေးဆရာတော် အဆုံးအဖြတ်(မြင်းကကုန်း)**

နဝင်္ဂဥပုသ်ဟု အသီးထုတ်၍ မခံယူအပ်၊ အဘယ့်ကြောင့် ဟူသော် မေတ္တာဘာဝနာကို သီလခံယူဘိသကဲ့သို့ သမာဒိယာမိ ကြိယာပုဒ်ဖြင့် ခံယူ၍ မရစကောင်းသော ကြောင့်တည်း၊ ထို့ ကြောင့် ရှင်း နဝင်္ဂုတ္တရပါဠိတော်-ရှေး အင်္ဂါရှစ်ပါးတို့၌ ဥပေါ သထော စ မေ ဥပဝုတ္ထော ဘဝိဿတီတိ ဣမိနာ အဋ္ဌမေန အ ဂေ်န သမန္နာဂတော ဟောတိ ဟူ၍ ဥပေါသထသဒ္ဒါဖြင့် ဟောကြားတော်မူ၏။နဝမအင်္ဂါ၌ကား ဥပေါသထသဒ္ဒါမပါရှိပဲ ဣမိနာ နဝမေန အင်္ဂေန သမန္နာဂတော ဟောတိ ဟူ၍ ဟော ကြားတော်မူဘိသည်ကို ဉာဏ်ပညာရှေ့သွား၍ မေတ္တာဘာဝနာ တရားကို သမာဒိယာမိကြိယာပုဒ်ဖြင့် မခံယူအပ်ကြောင်းကို သိ အပ်ဘော့သည်၊ ထို့ကြောင့်ရကား အင်္ဂုတ္တရ အဋ္ဌကထာများ၌ လည်း မေတ္တာဘာဝနာတရားကို သမာဒိယာမိဟူ၍ မခံယူကြ စေရန်ကို သိစေလိုသဖြင့် ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာ ဝနံ ပက္ခိပိတွာန နဝင်္ဂသမန္နာဂတောတိ ဝုတ္တံ၊ ကျွတ်ထိုက် သော ဝေနေယျတို့ အလိုဆန္ဒ အစွမ်းအားဖြင့် မေတ္တာဘာဝနာ ကိုထည့်သွင်း၍ နဝင်္ဂသမန္နာဂတော ဟူ၍ ဟောတော်မူအပ်၏ ဟု ဖွင့်ဆိုတော်မူသည်၊ ဤအဋ္ဌကထာပါဠိအရ ဝေနေယျဇ္ဈာ သယဝသေန ဟူသော ပါဌ်အပြဖြင့် ဝေနေယျတို့၏ အဇ္ဈာ သယ အားလျော်စွာ နဝအင်္ဂတို့ရှိဟူသောအမည်နှင့်ညီမျှအောင် မေတ္တာဘာဝနာဖြည့်စွက်၍ နဝင်္ဂဟုသာ ဟောကြားတော်မူ၏၊

မေတ္တာဘာဝနာကို ဥပုသ်အင်္ဂါခံယူသကဲ့သို့ မခံယူအပ်ဟုပြတော်မူ၏၊ ထိုသို့ဖြစ်သောကြောင့် အချို့သော ပညာရောင်မပြူ ရဟန်းရှင်လူတို့သည် အင်္ဂုတ္တိုရ် ပါဠိတော်ပါဠိ အဋ္ဌကထာ စကားရပ်တို့ကို သေချာသိမှု နေရာတကျမကြည့်ရှုကြပဲ အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ (ပ)သီလံ ဒေထ မေ ဘန္တေ ဟူ၍ရှင်း ရှစ်ပါးစေ့ပြီးနောက် မေတ္တာသဟဂတေန စေတသာ (ပ)ဝိဟရဏံ သမာဒိယာမိ ဟူ၍ရှင်း နဝင်္ဂဥပုသ် ခံယူမှုပြုခြင်းတို့ကို မမှန်အမှား ကြံဆသောဝါဒများဟု မှတ်သားအပ်၏။ (ပရမတ္ထသရူပအနုဝဏ္ဏနာ ဒုတိယတွဲ ၄၀၄)

## ၄။ ခရမ်းကိုင်းကုန်းဆရာတော် အဆုံးအဖြတ်

မေတ္တာဟူသည် အဗျာပါဒ အဒေါသ မနောကံဖြစ်၍ သီလဖြင့် စောင့်ရှောက်ထိန်းသိမ်းလို့ မရပါ၊ စိတ်က မနောကာ ပွားများမှသာ မေတ္တာမနောကံ ဖြစ်နိုင်ပါသည်၊ သို့အတွက် သီလမဟုတ်သော မေတ္တာမနောကံကို သီလအဖြစ်ဖြင့် ဆောက်တည်စေခြင်း၊ မေတ္တာကို သီလပြုလုပ်၍ ပေးခြင်းများကို ပြုလုပ်ပါက အခမ္မံ ဓမ္မောတိ ဒီပေတိဟူသော မိစ္ဆာအယူဖြစ်ခဲ့ပေ၏၊ သီလမဟုတ်သောမေတ္တာကိုသီလအဖြစ် ပညတ်သောကြောင့် အပညတ္တံ ပညပေတိဟူသော ဝိနယဝိဒေါသသည် ဖြစ်ခဲ့၍ ရဟန်းတော်များမှာ အာပတ်သင့်နိုင်ခဲ့ပေ၏။

အထက်ပါ ပြဆိုခဲ့သည့်အတိုင်း အင်္ဂုတ္တိုရ်ပါဠိတော် ဆဋ္ဌမူ တတိယအုပ် စာမျက်နှာ(၁၉၂)တွင် ကြည့်ရှုပါက ပါဏာတိပါတ အစ ဥစ္စာသယန မဟာသယနတိုင်အောင် ရှစ်ပါးသီလ ဆောက်တည်ပုံ သမာဒါနဝါကျကို ဟောတော်မူရာ၌ အဟံမ္ပဇ္ဇ။

ပ။ဝိဟရာမိ။ပ။အနုကမ္ပာမိဟု အမှုယောဂဥတ္တမပုဒ်ဖြင့် ဟောတော်မူခဲ့ပေ၏၊ ကိုးခုမြောက် မေတ္တာကိုဟောတော်မူရာ၌ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ-ဟု ပဌမပုရိသ်ဖြင့် ဟောတော်မူသောကြောင့် မေတ္တာသဟဂတေန စေတသာ သဗ္ဗဒိသံ ဖရိတွာ ဝိဟရဏံ သမာဒိယာမိ-ဟု မဆောက်တည်ကောင်းကြောင်း အလွန်ထင်ရှားခဲ့ပေ၏။အကယ်၍ မေတ္တာကို သီလအရာထား၍ ဆောက်တည်ကောင်းပါက ပါဏာတိပါတ စသည်တို့ကဲ့သို့ ဝိဟရာမိ-ဟု ဟောတော်မူကုန်ရာ၏၊ဟောကား မဟောခဲ့ပါ။ နဝင်္ဂုပေါသထသီလကို မုက္ခ ဒေသနာတော်အဖြစ်ဖြင့် ဘုရားရှင် ဟောတော်မူသည်မဟုတ်၊ ဝေနေယျဇ္ဈာသယအစွမ်းဖြင့်သာ ဟောတော်မူကြောင်းကို အင်္ဂုတ္တိုရ် အဋ္ဌကထာဆင့်မှု တတိယအုပ် စာမျက်နှာ(၂၆၆)၌ **ဝေနေယျဇ္ဈာသယဝသေန**။ ပ။ ဝုတ္တံ ဟု ဟောတော်မူအပ်၏။(ပဗ္ဗဇ္ဇာဒိ ပကာသနီကျမ်း ၁၁၇)

## ၅။ မုံရွာမြို့ သပြေပင်ဆရာတော်၏ အဆုံးအဖြတ်

ဤနဝင်္ဂဥပုသ်ကို အင်္ဂုတ္တရနိကာယ်၌ အင်္ဂါကိုးပါးနှင့် ပြည့်စုံအောင် ကျင့်သုံးအပ်သော နဝင်္ဂဥပုသ်သည် တန်ခိုးအာနုဘော်ကြီး၏ဟု နိဒါန်းပျိုးပြီးလျှင် အင်္ဂါကိုးပါး၏သရုပ်ကို ဖေါ်ရာ အဋ္ဌင်္ဂဥပုသ်နောက် မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ၊မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် အရပ်မျက်နှာ တခုရှိ သတ္တဝါတို့ကို ပျံ့နှံ့စေပြီးလျှင်နေ၏ ဟူ၍ မိန့်တော်မူသည်၊ လိုရင်းအတိုချုပ်မှာ ရှိုးရိုးရှစ်ပါးသီလကို ဆောက်တည်ပြီးလျှင် မေတ္တာတရားကို ပွားများနေရမည်ဟု ဟောတော်မူလိုရင်းဖြစ်

၏။ ရှစ်ပါးသီလကို လုံခြုံစွာ စောင့်ရှောက်၍မေတ္တာကိုပွားနေပါလျှင် **နဝင်္ဂဥပုသ်သီလကို ကျင့်နေသူမည်တော့၏၊မေတ္တာဟူသည် ဘာဝနာဖြစ်၏၊ သီလကိုသာ ဆောက်တည်ဘွယ်ရှိ၏၊ ဘာဝနာ ဟူသည် ပွားများအပ်သော တရားမျိုးသာဖြစ်၏၊**သို့ဖြစ်၍ နဝင်္ဂဥပုသ်ကို ကျင့်သုံးလိုသောပုဂ္ဂိုလ်သည် မေတ္တာအတွက် သိက္ခာပုဒ်တခု ပြုလုပ်ရန်မလို၊ ရိုးရိုး ရှစ်ပါးသီလ ခံယူပြီးနောက် မေတ္တာတရားကို စွမ်းနိုင်သမျှ ပွားများအားထုတ်၍ နေပါလျှင် အင်္ဂါ ကိုးပါးရှိသော နဝင်္ဂဥပုသ်ကို ကျင့်သုံးသည်မည်တော့၏၊ အချို့က မေတ္တာသဟဂတေန စေတသာ။ပ။သမာဒိယာမိ ဟူ၍ သိက္ခာပုဒ်တခုလုပ်၍ ဆောက်တည်နေကြလေ၏၊ မသင့်လေစွ။ (ဗုဒ္ဓဘာသာလက်စွဲ ပနက်သဲကျမ်း)။

## ၆။ ဆရာတော် ဦးတိလောကသာရ ယူဆချက်

ကိုးပါးသီလဟူသော အမည်နှင့် ကိုက်ညီအောင် အင်္ဂါ၉-ပါးအပြည့်ဆို၍ 'ဆောက်တည်ချင်ပါသည်ဟု တောင်းဆိုလာပါက သီလသိက္ခာပုဒ်များကဲ့သို့ သမာဒိယာမိ မထည့်ပဲ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟာရာမိ-ဟု ရှစ်ပါးသီလ သိက္ခာပုဒ်တို့၏ အဆုံးတွင် မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် သတ္တဝါတို့ဌ ပျံ့နှံ့၍နေပါအံ့-ဟု ကတိဝန်ခံ အဓိဋ္ဌာန်သဘောဖြင့် နှုတ်မြွက် ဆောက်တည်လိုကလည်း ဆောက်တည်စေနိုင်ကြောင်း ဤသို့ ဆောက်တည်ခြင်းဖြင့် အပြစ်မရှိ၊သို့သော် ဆောက်တည်ရုံ ဆောက်တည်ပြီး ပွားများအားထုတ်မှု ကင်း၍ မဖြစ်ကြောင်း စသည်ဖြင့် ဆရာတော်ကြီးများ မိန့်ကြားတော်မူသည်ကို ကြားသိရဘူးပေသည်။

အထက်ပါဆရာတော်တို့၏ ဝါဒအသီးသီး လိုရင်းအချုပ်။

အမှတ်(၁) ဝါဒ၏ဆိုလိုရင်း-

(က) မေတ္တာစသော ဗြဟ္မဝိဟာရတရား (၄)ပါးတို့တွင် ကရုဏာစသည်တို့ကိုမယူပဲ မေတ္တာကိုသာ ဘာဝနာ အောက်အဆင့်အတန်း နိမ့်သော သီလ အရာ၌ထား၍ ခံယူဆောက်တည်ခြင်းငှာမသင့်။

(ခ) အဋ္ဌင်္ဂသီလကိုသာ ကျမ်းဂန်နှင့်ညီသောကြောင့် ဆောက်တည်ရမည်ဟူလို။

အမှတ်(၂) ဝါဒ၏လိုရင်း-

ရှစ်ပါးသီလ ဆောက်တည်ပြီးနောက် မေတ္တာဘာဝနာကို ပွားများနေလျှင် နဝင်္ဂသီလ ခံယူဆောက်တည်ပြီး ဖြစ်သောကြောင့် သီးခြား မဆောက်တည်အပ် ဟူလို။

အမှတ်(၃) ဝါဒ၏လိုရင်း-

(က) မေတ္တာဘာဝနာကို သီလခံယူဘိသကဲ့သို့ သမာဒိယာမိပုဒ်ဖြင့် မခံယူကောင်း၊ (၉)ခုမြောက် အင်္ဂါ၌ ဥပေါသထသဒ္ဒါ မပါရှိပဲ ဟောတော်မူသောကြောင့် ဟူလို။

(ခ) ဝေနေယျတို့၏အလို အဇ္ဈာသယ အားလျော်စွာ နဝင်္ဂတို့ရှိဟူသော အမည်နှင့် ညီညွတ်အောင် မေတ္တာဘာဝနာကို ဖြည့်စွက်၍ ဟောခြင်းသာ

ဖြစ်သည်၊ သီးခြား ဥပုသ်အင်္ဂါကဲ့သို့ မဆောက်တည်သင့်ဟူလို။

အမှတ်(၄) ဝါဒ၏လိုရင်း-

(က) မေတ္တာသည် မနောကံသာဖြစ်၍ ကိုယ်နှုတ်တို့ဖြင့် ဆောက်တည် ပွားများခြင်းငှာမသင့်၊ သီလအဖြစ်ဖြင့် မခံယူ မဆောက်တည်ကောင်း။

(ခ) သီလအရာထား၍ ခံယူဆောက်တည်စေက အဓမ္မကို ဓမ္မဟုပြဆိုရာရောက်သဖြင့် မိစ္ဆာအယူဖြစ်ခဲ့ပေ၏။

(ဂ) သီလအဖြစ်ဖြင့် ပညတ်သောကြောင့် အပညတ္တံ ပညပေတိ-ဟူသော ဝိရောဓိ ဒေါသဖြစ်ခဲ့၍ ရဟန်းတော်များမှာ အာပတ်သင့်နိုင်ခဲ့ပေ၏။

(ဃ) ရှေ့အင်္ဂါ(ဂ)ပါးတို့၌ ဆောက်တည်ပုံ ပြဆိုရာဝယ် ဝိဟရာမိ အနုကရောမိဟု အမှယောဂ ဥတ္တမပုရိသ်ဖြင့် ဟောတော်မူသကဲ့သို့ (၉) ခုမြောက်အင်္ဂါ၌ မဟောမူ၍ နာမယောဂ ဥတ္တမပုရိသ်ဖြင့် (ဝိဟရတိ) ဟုသာ ဟောတော်မူသောကြောင့် မဆောက်တည်သင့်ဟူလို။

(င) နဝင်္ဂုပေါသထ ဒေသနာကို မုက္ခဒေသနာအဖြစ်ဖြင့် ဘုရားရှင် မဟော၊ ဝေနေယျအလိုအားဖြင့်သာ ဟောတော်မူသောကြောင့် မဆောက်တည်ကောင်းဟူလို။

အမှတ်(၅) ဝါဒ၏လိုရင်း-

မေတ္တာအတွက် သိက္ခာပုဒ်တခု ပြုလုပ်ရန်မလို၊ ရှစ်ပါးသီလ ခံယူပြီးနောက် မေတ္တာဘာဝနာကို ပွားများနေက နဝင်္ဂဥပုသ်သီလကို ကျင့်သုံးနေသူ မည်တော့သည်ဟူလို၊

အမှတ်(၆) ဝါဒ အချို့ကမူကား-

သမာဒိယာမိပုဒ် မထည့်ပဲ ဆောက်တည်လိုက ဆောက်တည်သင့်၏ဟူလို။

အမှတ်(၅)အထိ ဝါဒအလုံးစုံ၏ အတိုချုပ်မှာ

မေတ္တာသည် သီလမဟုတ်၊ ကိုယ်နှုတ်တို့၌မဖြစ် မနောကံသာ၊ ခံယူပါ၏ ဆောက်တည်ပါ၏ဟု မဆိုကောင်း မဆိုသင့်ဟူလို။

ကျွန်ုပ်တို့ ဝေဘန်စိစစ် ဆုံးဖြတ်ရမည့် တာဝန်ကား

မေတ္တာဘာဝနာ မနောကံသည် အကြောင်းပရိယာယ်ဖြင့် (၁)သီလမည်သင့်ပုံ၊ (၂)ကာယဒွါရ ဝစီဒွါရတို့၌လည်း ဖြစ်နိုင်၍ ကာယကံ ဝစီကံဟူ၍လည်း ခေါ်ဆိုအပ်ပုံ၊ (၃)သမာဒါန အဓိဋ္ဌာန်ပြု၍ ကျင့်သုံးလိုက်ပုံကို အထောက်အထား ခိုင်လုံစွာဖြင့် ပြဆိုရမည်ဖြစ်ပေ၏၊

## သီလမည်သင့်ပုံ

ထိုထိုပါဠိတော် သီလခဏ်းပြဆိုရာ ဌာနအားလုံးတို့၌လိုပင် နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ-ချထားအပ်သော တုတ် ဒါး လက်နက်ရှိသည်ဖြစ်၍နေ၏၊ ဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံသည်ဖြစ်၍ နေ၏၊ မေတ္တာစိတ်ရှိသူအဖြစ်သို့ ရောက်သည်ဖြစ်၍နေ၏၊(အလုံးစုံသော သတ္တဝါ တို့၏ အကျိုးစီးပွား လိုလားစောင့်ရှောက်သည် ဖြစ်၍ နေ၏၊မြန်မာပြန်) ဤပါဠိတော်စကားရပ်ဖြင့်ပင် မေတ္တာ တည်းဟူသော အဗျာပါဒ အဒေါသစေတနာ၏ ပါဏာတိပါတမှ ရှောင်ကြဉ်မှုစသည်တို့၏ ပဓာနအကြောင်းတရပ်အနေဖြင့် သီလ အရာ၌ တည်နေပုံ ထင်ရှားလှ၏၊ မှန်လှ၏၊ ပါဏာတိပါတကို ပယ်စွန့်၍ ပါဏာတိပါတမှ ရှောင်ကြဉ်၏ဟူရာ၌ အဟိရိက အနောတ္တပ္ပ ဒေါသ မောဟ ဝိဟိံသာ စသော ညစ်နွမ်းကြောင်း သဘောတို့ကိုပယ်စွန့်၍ ထိုညစ်နွမ်းကြောင်း သဘောတို့မှ ရှောင်ကြဉ်မှုသည်ပင် ပယ်စွန့်သူ ရှောင်ကြဉ်သူ (ပဟာယပဋိဝိရတ) မည်၏-(ဒီ-ဋီ)တို့၌ ဖွင့်ဆိုကုန်၏။ ဆိုလိုရင်းမှာ ထိုသို့ပယ်စွန့် ရှောင်ကြဉ်မှုဖြင့် ရောက်အပ် ရအပ်သော ဟိရီဩတ္တပ္ပ မေတ္တာ ကရုဏာစသည်တို့နှင့် ပြည့်စုံစွာကျင့်သုံးနေမှုကိုပင် ဥပုသ်သီတင်း သီလစောင့်ထိန်းခြင်းဟု မှတ်ယူရ၏၊ ဤဟိရီဩတ္တပ္ပနှင့် ပြည့်စုံစွာ နေ၏စသော စကားကို အဒိန္နာဒါနာဝေရမဏီ စသော နောက်နောက် သိက္ခာပုဒ်တို့၌လည်း ထိုက်သည်အား လျော်စွာ ယှဉ်စပ်ရမည်ဟု ဋီကာဆရာတို့ မိန့်ကြားတော်မူကုန်၏၊ ထို့ကြောင့် ဝိရတိသီလပြည့်စုံမှု၏ အားကြီးသော အထောက်အပံ့ ဖြစ်သော

အဗျာပါဒ အဒေါသ မေတ္တာသည် သီလအရာ၌တည်၍ သီလ မည်သင့်ကြောင်း မှတ်ယူအပ်ပေ၏။ ကရုဏာစသော ဘာဝနာ (၃)ပါးတို့ကား မေတ္တာသာ ပဓာနအကြောင်းခံရှိသောကြောင့် ယင်းတို့ကို တသီးတခြား ပြဆိုဘွယ်မလိုတော့ပါ။

ထိုမှတပါး (ဗျာပါဒံသံဝရဋ္ဌေနသီလံ) ဗျာပါဒကို ပိတ်ဆို့ တတ်သောကြောင့် အဗျာပါဒသည်သီလမည်၏။ (ပဋိသမ္ဘိဒါမဂ် ပါဠိ)

ဒသကုသလကမ္မပထေ သမာဒပေန္တော မဟာဇနံ စရာမိ ဂါမနိဂမံ သမိတ္တော သပရိဇနော။ (ထိုမှနောက် အကြင် သီလ ပါရမီ ဖြည့်ကျင့်သောအခါ၌ များသော အခြံအရံရှိသော ကြီးမားသော နတ်တန်ခိုးရှိသော လူပေါင်းစုံကို ကြင်နာ စောင့် ရှောက်တတ်သော ဓမ္မမည်သော တန်ခိုးကြီးမြတ်သော နတ်သား ဖြစ်ခဲ့စဉ်က) များစွာသော လူအပေါင်းကို ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားတို့ကို ခံယူဆောက်တည်စေလျက် မိတ်ဆွေ အပေါင်းနှင့် အတူတကွ ပရိသတ် အပေါင်းနှင့် အတူတကွ ဖြစ်သော ငါသည် ရွာနိဂုံးသို့သွားလာလှည့်လည်ခဲ့ပြီ။ (မြန်မာ ပြန်) စရိယာပိဋကပါဠိ၊ (၄၀၅) ဇာတ်ပါဠိ (၂၂၉)

ကတမောစ ဘိက္ခဝေ သပ္ပုရိသေန သပ္ပုရိသတရော၊ ဣဓ ဘိက္ခဝေ ဧကစ္စော အတ္တနာ စ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ပရဉ္စ ပါဏာတိပါတာ ဝေရမဏိယာ သမာဒပေတိ။ ပ ။ အတ္တနာ စ အနဘိဇ္ဈာလု ဟောတိ၊ ပရဉ္စ အနဘိဇ္ဈာယ သမာဒ ပေတိ၊ အတ္တနာ စ အဗျာပန္နစိတ္တော ဟောတိ၊ ပရဉ္စ အဗျာပါဒေ

သမာဒပေတိ၊ အတ္တနာ စ သမ္မာဒိဋ္ဌိကော ဟောတိ၊ ပရဉ္စ သမ္မာဒိဋ္ဌိယာ သမာဒပေတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သပ္ပုရိသေန သပ္ပုရိသတရောတိ။ (စတုက္ကင်္ဂုတ္တရပါဠိ သပ္ပုရိသဝဂ်) (မြန်မာပြန်အံ့) ရဟန်းတို့ အဘယ်ပုဂ္ဂိုလ်သည် သူတော်ကောင်းထက် သူတော်ကောင်းမည်သနည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ကိုယ်တိုင်လဲ ပါဏာတိပါတမှ ရှောင်ကြဉ်၏၊ သူတပါးကိုလဲ ပါဏာတိပါတမှ ရှောင်ကြဉ်မှု၌ ခံယူ ဆောက်တည်စေ၏။ ပ ။ ကိုယ်တိုင်လဲ အဘိဇ္ဈာကင်းသော သဘောရှိ၏၊ သူတပါးကိုလဲ အဘိဇ္ဈာကင်းခြင်း၌ ခံယူ ဆောက်တည်စေ၏၊ ကိုယ်တိုင်လဲ မေတ္တာစိတ်ရှိ၏၊ သူတပါးကိုလဲ မေတ္တာထားခြင်း၌ ခံယူဆောက်တည်စေ၏၊ **ကိုယ်တိုင်လည်း** ကမ္မဿကတာဉာဏ်ရှိ၏၊ (ဝါ)မှန်ကန်သောအယူရှိ၏၊ သူတပါးကိုလဲ ကမ္မဿကတာဉာဏ် မှန်ကန်သောအယူ၌ ခံယူဆောက်တည်စေ၏၊ ရဟန်းတို့ ဤပုဂ္ဂိုလ်ကို သူတော်ကောင်းထက် သူတော်ကောင်းဟူ၍ မိန့်ဆိုအပ်၏။ (ဒသင်္ဂုတ္တရပါဠိ၊ သာမညဝဂ်၌ ဟောတော်မူအပ်သော ဒုစရိုက် သုစရိုက် ၂၀-စီ ၃၀-စီ ၄၀-စီဝေဘန်ဟောပြောရာ၌လဲ ခံယူဆောက်တည်မှု ဆောက်တည်စေမှုတို့၌ နည်းတူပင်လာ၏။)

အထက်အဆိုပါ ပါဠိတော်တို့ဖြင့်ပင် အဗျာပါဒ အဒေါသ မေတ္တာ ၏ သီလမည်ခြင်း ခံယူဆောက်တည်ခြင်း ဆောက်တည်စေ[illegible]တို့၌ နီတတ္ထ တိုက်[illegible]က်ပြနည်းအားဖြင့် ယူရပုံကို ယုံမှားမရှိ[illegible]ိအပ်သိသင့် သိကိုက် လှပေသည်၊ (အထူး မှတ်ချက် ဇာ[illegible] ဋ္ဌိ စရိယာ ပိဋကပ ဠိ သီလပါရမီခန်း အင်္ဂုတ္တရပါဠိ

ငါသည်လဲ ယနေ့ ဤညဥ့်ပတ်လုံးရင်း၊ ဤနေ့ပတ်လုံးရင်း မမှန်ချွတ်ယွင်း ပြောဆိုခြင်းကိုပယ်၍ မမှန်ချွတ်ယွင်း ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏၊ အမှန်တို့သာ ဆိုလေ့ရှိသည်ဖြစ်၍ မှန်ကန်သောစကားချင်း ဆက်စပ်သည်ဖြစ်၍ ခိုင်မြဲသောစကား ယုံကြည်လောက်သောစကား ရှိသည်ဖြစ်၍ လူအပေါင်းကို မလှည့်စားပါ၊ ဤအကြောင်းအင်္ဂါဖြင့်လဲ ရဟန္တာအရှင်တို့အား လျော်ညီစွာ ပြုလုပ်ပါ၏၊ ငါသည် ဥပုသ်ကိုလဲ ကျင့်သုံးအပ်ပြီးဖြစ်ပေလတ့ံဟု ဆင်ခြင်၏၊ ဤစတုတ္ထအင်္ဂါနှင့် ပြည့်စုံပေ၏။

(၅) အသက်ထက်ဆုံး ရဟန္တာအရှင်မြတ်တို့သည်မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကိုပယ်၍ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်မှ ရှောင်ကြဉ်တော်မူကြကုန်၏။

ငါသည်လဲ ယနေ့ ဤညဥ့်ပတ်လုံးရင်း၊ ဤနေ့ပတ်လုံးရင်း မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကိုပယ်၍ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်မှ ရှောင်ကြဉ်ပါ၏၊ ဤ အကြောင်း အင်္ဂါဖြင့်လဲ ရဟန္တာအရှင်တို့အား လျော်ညီစွာ ပြုလုပ်ပါ၏၊ ငါသည်ဥပုသ်ကိုလဲ ကျင့်သုံးအပ်ပြီး ဖြစ်ပေလတ့ံဟု ဆင်ခြင်၏။ ဤပဥ္စမအင်္ဂါနှင့် ပြည့်စုံပေ၏။

(၆) အသက်ထက်ဆုံး ရဟန္တာ အ ရှင် မြတ် တို့ သည် တထပ်တည်းသာ ဘုန်းပေးတော်မူကြကုန်၏၊ ညဥ့်၌စားခြင်း နေလွဲအခါစားခြင်းမှ ရှောင်ကြဉ်တော်မူကြကုန်၏။

ဤအကြောင်းအင်္ဂါဖြင့်လဲ ရဟန္တာအရှင်တို့အား လျော်ညီစွာပြုပါ၏။ ငါသည် ဥပုသ်ကိုလဲ ကျင့်သုံးအပ်ပြီး ဖြစ်ပေလတ္တံ့ဟု ဆင်ခြင်၏၊ ဤဒုတိယအင်္ဂါနှင့် ပြည့်စုံပေ၏။

(၃) အသက်ထက်ဆုံး ရဟန္တာအရှင်မြတ်တို့သည်မမြတ်သောအကျင့်ကိုပယ်၍ မြတ်သောအကျင့်ကို ကျင့်တော်မူကြကုန်၏။ မေထုန်မှ ဝေးစွာကျင့်တော်မူကြကုန်၏၊ ရွာသူတို့၏အကျင့်ဖြစ်သော မေထုန်မှ ရှောင်ကြဉ်တော်မူကြကုန်၏။

ငါသည်လဲ ယနေ့ ဤညဉ့်ပတ်လုံးရင်း၊ ဤနေ့ပတ်လုံးရင်း မမြတ်သောအကျင့်ကိုပယ်၍ မြတ်သောအကျင့်ကို ကျင့်ပါ၏၊ မေထုန်မှ ဝေးစွာရှောင်ကြဉ်ပါ၏၊ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်မှ ရှောင်ကြဉ်ပါ၏။

ဤအကြောင်းအင်္ဂါဖြင့်လဲ ရဟန္တာအရှင်တို့အား လျော်ညီစွာပြုပါ၏၊ ငါသည် ဥပုသ်ကိုလဲ ကျင့်သုံးပြီး ဖြစ်ပေလတ္တံ့ဟု ဆင်ခြင်၏၊ ဤတတိယအင်္ဂါနှင့် ပြည့်စုံပေ၏။

(၄) အသက်ထက်ဆုံး ရဟန္တာအရှင်မြတ်တို့သည် မမှန်ချွတ်ယွင်း ပြောဆိုခြင်းကိုပယ်၍ မမှန်ချွတ်ယွင်း ပြောဆိုခြင်းမှ ရှောင်ကြဉ်တော်မူကြကုန်၏။ အမှန်ကိုသာ ဆိုလေ့ရှိတော်မူကြကုန်၏၊ မှန်ကန်သောစကားချင်း ဆက်စပ်တော်မူကြကုန်၏။ ခိုင်မြဲ သောစကား ရှိတော်မူကြကုန်၏။ ယုံကြည်လောက်သောစကား ရှိတော်မူကြကုန်၏။ လူအပေါင်းကို မလှည့်စားတတ်ကုန်။

မေတ္တာစိတ်ရှိသူ ဖြစ်ရပ်သို့ကပ်ရောက်ကုန်လျက် နေတော်မူကြကုန်၏၊ သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို လိုလားစောင့်ရှောက်ကုန်လျက် နေတော်မူကြကုန်၏။

ငါသည်လဲ ယနေ့ ဤညဥ့်ပတ်လုံး ဤနေ့ပတ်လုံး သူ့အသက်သတ်ခြင်းကိုပယ်၍သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ချထားအပ်သောဒုတ် ချထားအပ်သောလက်နက် ရှိသည်ဖြစ်၍နေပါ၏၊ အရှက်အကြောက်နှင့် ပြည့်စုံသည်ဖြစ်၍ နေပါ၏၊ မေတ္တာစိတ်ရှိသူ ဖြစ်ရပ်သို့ ကပ်ရောက်လျက်နေပါ၏၊ သတ္တဝါအားလုံးတို့၏ အစီးအပွားကို လိုလားစောင့်ရှောက်လျက် နေပါ၏။

ဤအကြောင်း အင်္ဂါဖြင့်လဲ ရဟန္တာအရှင်တို့အား လျော်ညီစွာပြုပါ၏၊ ငါသည်ဥပုသ်ကိုလဲ ကျင့်သုံးအပ်ပြီး ဖြစ်ပေလတ့်ဟု ဆင်ခြင်၏၊ ဤ ပဌမအင်္ဂါနှင့် ပြည့်စုံပေ၏။

(၂) အသက်ထက်ဆုံး ရဟန္တာအရှင်မြတ်တို့သည် အရှင်မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူခြင်းကိုပယ်၍ အရှင်မပေးအပ်သော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တော်မူကြကုန်၏၊ ပေးအပ်သောဥစ္စာကိုသာ ယူလေ့ရှိကြကုန်၏၊ ပေးအပ်သော ဥစ္စာကိုသာ လိုလားတော်မူကြကုန်၏၊ မခိုးမဝှက်စင်ကြယ်သောကိုယ်ဖြင့် နေတော်မူကြကုန်၏။

ငါသည်လဲ ယနေ့ ဤညဥ့်ပတ်လုံးရှင်း၊ ဤနေ့ပတ်လုံးရှင်း အရှင်မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းကိုပယ်၍ အရှင်မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏၊

ဂုတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေ
ရေန အဗျာပဇ္ဇေန ဖရိတွာ ဝိဟရတိ၊ ဣမိနာ နဝင်္ဂေန အင်္ဂေန
သမန္နာဂတော ဒဟောတိ၊ ဧဝံ ဥပဝုတ္ထော ခေါ ဘိက္ခဝေ နဝဟိ
အင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ
မဟာနိသံသော ပဟာဇုတိကော မဟာဝိပ္ဖါရောတိ။(နဝင်္ဂုတ္တရ
ပါဠိတော်)

## ၎င်းတို့၏ မြန်မာပြန်

ရဟန်းတို့ အင်္ဂါ(၉)ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံး
အပ်သည်ရှိသော် များသောအကျိုးရှိ၏၊ များသောအာနိသင်
ရှိ၏၊ အကျိုးဖလဖြင့် များသောအရောင်ရှိ၏၊ အကျိုးဖလဖြင့်
မျှားစွာပျံ့နှံ့၏။

ရဟန်းတို့ အင်္ဂါ (၉)ပါးရှိသော ဥပုသ်ကို အဘယ်သို့ကျင့်
သုံးအပ်သည်ရှိသော် များသောအကျိုးရှိ များသောအာနိသင်ရှိ
အကျိုးဖလဖြင့် များသောအရောင်ရှိ အကျိုးဖလဖြင့် များစွာ
ပျံ့နှံ့ခြင်းရှိသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ဘုရားရှင်၏တပည့်သာဝက
သည် ဤသို့ဆင်ခြင်၏၊ အသက်ထက်ဆုံး ရဟန္တာအရှင်မြတ်တို့
သည် သူ့အသက်သတ်ခြင်းကိုပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်
ကြဉ်တော်မူကုန်၏၊ ချထားအပ်သော ဒုတ် ချထားအပ်သော
လက်နက် ရှိကုန်သည်ဖြစ်၍ နေတော်မူကြကုန်၏၊ အရှက်
အကြောက်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေတော်မူကြကုန်၏၊

မဟာဝိပ္ဖါရော၊ ကထံ ဥပဝုတ္ထော ဘိက္ခဝေ နဝဟိ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာ နိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။

ဣဓ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ၊ ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတာ နိဟိတဒဏ္ဍာ နိဟိတသတ္ထာ လဇ္ဇီ ဒယာပန္နာ သဗ္ဗပါဏဘူတဟိတာနုကမ္ပိနော ဝိဟရန္တိ၊ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာ နုကမ္ပီ ဝိဟရာမိ၊ ဣမိနာပင်္ဂေန အရဟတံ အနုကရောမိ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတီတိ ဣမိနာ ပဌမေန အင်္ဂေန သမန္နာဂတော ဟောတိ။ပ။ ယာဝဇီဝံ အရဟန္တော ဥစ္စာသယန မဟာသယနံ ပဟာယ ဥစ္စာသယန မဟာသယနာ ပဋိဝိရတာ နီစသေယျံ ကပ္ပေန္တိ မဉ္စကေ ဝါ တိဏသန္ထာရကေ ဝါ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ဥစ္စာသယန မဟာသယနံ ပဟာယ ဥစ္စာသယန မဟာသယနာ ပဋိဝိရတော နီစသေယျံ ကပ္ပေမိ မဉ္စကေ ဝါ တိဏသန္ထာရကေ ဝါ။ ဣမိနာပင်္ဂေန အရဟတံ အနုကရောမိ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတီတိ ဣမိနာ အဋ္ဌမေန အင်္ဂေန သမန္နာဂတော ဟောတိ။

မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ၊ တထာ ဒုတိယံ၊ တထာ တတိယံ၊ တထာ စတုတ္ထံ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟ

ကတာမာနို စတ္တာရိ အဋ္ဌိ ဘိက္ခဝေ ဓမ္မသမာဒါနံ ပစ္စုပ္ပန္နသုခံ အာယတိံ ဒုက္ခဝိပါကံ စသည်ဖြင့်ဟောအပ်သော မဇ္ဈိမနိကာယ် စူဠ-မဟာ ဓမ္မသမာဒါနသုတ် စသည်တို့၌ကား သီလသက်သက် မဟုတ်၊ အရေးအယုက် ဓမ္မတို့ကိုလဲ သမာဒါနပုဒ်ဖြင့် အသုံး ပြုဟောထားခြင်းကို များစွာတွေ့ရ၏၊ သီလကိုသာ သမာဒါန, သမာဒိယာမိ ကြိယာနှင့်ယှဉ်၍သုံးနိုင်သည်ဟု ဆိုကြသောဆရာ တို့၏ဝါဒကို စဉ်းစား စိစစ်အပ်၏။

## သမာဒါန အဓိဋ္ဌာနသဒ္ဒါ မပါသော်လဲ

န ပါဏံ ဟနာမိ၊ န အဒိန္နံ အာဒိယာမိ စသည်ဖြင့်ရှင်း သူ၏ အသက်ကိုမသတ်ပါ၊ သူတပါး၌ဥစ္စာကို မခိုးယူပါ စသည်ဖြင့်ရှင်း လေးစားအပ်သောပုဂ္ဂိုလ်၏ ရှေ့မှောက်၌ ဝန်ခံပြောဆိုမှုပြုလျှင် ခံယူဆောက်တည်မှု ပြီးနိုင်ပါ၏၊ ရိုးသားဖြောင့်မတ်စွာ ပြုလုပ် ပါမည်ဟု ဝန်ခံလိုက်လျှင် အမှန်ကိုဆိုပါသည် မပျက်မကွက်စေ ရပါဟု ထပ်တွန့်စကား မလိုလားအပ်သကဲ့သို့တည်း။ ဤစကား ရပ်တို့ဖြင့် သီလသာ သမာဒါနနှင့်ဆိုင်သည်၊ သမာဒိယာမိ ခံယူ ဆောက်တည်ပါ၏ ဆိုမှသာ သီလခံယူမှု ပြီးသည်ဟူသောသံမဏိ စည်းမျဉ်းမျိုး မထားသင့်ကြောင်း ပြဆိုလိုက်ပါ၏၊ ပညာရှိတို့ သတိပြုပါကုန်၏။

## နဝင်္ဂု ပေါသထသုတ်ကို ရှင်းပြပါအံ့

နဝဟိ ဘိက္ခဝေ အင်္ဂေတိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော

မပျက်မကွက် မရွေ့မရှား ဝန်ခံသည့်အနေအထားဖြင့် ပုဗ္ဗ စေတနာ စသည်ကို ယူထားမှုမျှဖြစ်၏၊ အဓိဋ္ဌာနပုဒ်၏ အနက် သဘော အဓိပ္ပါယ်လဲ ပါဝင်ပြီးဖြစ်၏၊ (အဓိဋ္ဌာန) မြဲမြံစွာ တည်ထားမှု၊ ဆောက်တည်မှု ဟူသည် မိမိ လိုလားအပ်သည့် ကောင်းမှုလုပ်ငန်းကို မဖြစ်လျှင် မလျှော့ဟူသော သဘောဖြင့် မိမိ စိတ်သန္တာန်၌ ထားမှု (ဝါ) အဆောက်အဦး တခုတည် ဆောက်သကဲ့သို့ ဒါနသီလစသောကောင်းမှု ပြီးဆုံးအောင်မြင်ရန် ရည်သန် သတ်မှတ် ဆောက်တည်အပ်သော ဝီရိယစသည်ပြဋ္ဌာန်း သော ကုသိုလ်စိတ္တုပ္ပါဒ်ကို တည်ဆောက်သည် အဓိဋ္ဌာန်ပြုသည် ဟု ဆိုအပ်ရကား သမာဒါနပုဒ်၏ အဓိပ္ပာယ်ရ အနက်သဘောလဲ ပါဝင်ပြီးဖြစ်၏၊ ထို့ကြောင့် သမာဒါန်-ခံယူခြင်း(သဒ္ဒတ္ထ) ဝါ- ဆောက်တည်ခြင်း(အဓိပ္ပါယတ္ထ) နှစ်နက်လုံးပင် အသင့်ဟု မှတ် ထိုက်ပါသည်။

ပါရမီ ကုသိုလ်အရာ၌ အဓိဋ္ဌာန် ပါရမီသည် ဒါနစသော ပါရမီအလုံးစုံနှင့် သက်ဆိုင်ပုံကို ဆိုင်ရာအဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြ သောကြောင့် ဒါန သီလ ဘာဝနာကုသိုလ်အလုံးစုံ၏ ပုဗ္ဗ ဘာဂ၌ ဆောက်တည်ခြင်း, ဆောက်တည်ပါ၏ဟု သုံးနှုန်းခြင်းကို (လောကဝိရောဓိ ဒေါသ) လူအများသုံးစွဲမှုနှင့် ဆန့်ကျင်သည် ဟု မဆိုထိုက်ပါ၊ သမာဒါန်-ခံယူခြင်း ဟူသော ဝေါဟာရ ကိုကား သီလအရာ၌သာ အများအားဖြင့် သုံးစွဲရိုးရှိ၏၊ ပါဠိ အဋ္ဌကထာ စသည်တို့၌လဲ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဘာဝနံ ဘာဝေတိ စသည်ဖြင့် စည်းကမ်းသတ်ထားသကဲ့သို့ သုံးလေ့ကား ရှိပါ၏၊ သို့သော်လဲ စတ္တာရိမာနိ ဘိက္ခဝေ ဓမ္မသမာဒါနာနိ

သာမညဝင်္ဂတို့၌ မေတ္တာကို ဝါရိတ္တသီလ အဖြစ်ဖြင့် ခံယူ ဆောက်တည်ပုံလာ၏၊ ဒီဃနိကာယ် မဇ္ဈိမနိကာယ်လာ သာရဏီ ယသုတ် စသည်တို့၌ကား အာဘိသမာစာရိက ကျင့်ဝတ်သီလ အဖြစ်ဖြင့် ခံယူဆောက်တည်စေပုံကို ဟောထားအပ်၏။)

## သမာဒါနအဓိဋ္ဌာန

သမ္မာသုဋ္ဌု အာဒါနံ သမာဒါနံ။ သမ္မာသုဋ္ဌု- ကောင်းစွာ၊ အာဒါနံ-ယူခြင်း၊ သမာဒါနံ-ကောင်းစွာယူခြင်း။ ကောင်းစွာ ယူခြင်း ဟူသည် မှန်ကန်တိကျ ခိုင်မြဲစွာ ဝန်ခံသောအားဖြင့် တာဝန်ဟု သတ်မှတ် ယူထားမှုတည်း။ ။အဓိ အစလံ တိဋ္ဌတိ ဧတ္ထ ဧတေနာတိ ဝါ အဓိဋ္ဌာနံ။ ဧတ္ထ-ဤကောင်းမှု အကျင့်၌၊ ဝါ ဧတေန- ဤကောင်းမှုအကျင့်ဖြင့်၊ အဓိ အစလံ-မတုန် မလှုပ်၊ တိဋ္ဌတိ- တည်တတ်၏၊ ဣတိတသ္မာ- ထိုသို့ မတုန် မလှုပ် တည်ရာတည်ကြောင်း သဘောအစွမ်းကြောင့်၊ အဓိဋ္ဌာနံ- အဓိဋ္ဌာနမည်၏၊ ကြင်နာမှုအကြောင်းဥပါယ်၌ အလိမ္မာ အသိ ဉာဏ်ဖြင့် ယိုလွင်းတုန်လှုပ်မှုမရှိ၊ ခံယူဆောက်တည်ခြင်းဟူသော ထိုအံမှုအရာဖြင့် ထင်ရှားသော ဆန္ဒဝီရိယပြဋ္ဌာန်းသော ကုသိုလ် စိတ်သည် အဓိဋ္ဌာန်မည်၏။

ယခုခေတ် ရှင်လူအများနှုတ်၌ သီလ ဆောက်တည်ခြင်း၊ ဓုတင်ဆောက်တည်ခြင်းစသော အစဉ်အလာအသုံးအနှုန်းသို့လိုက် ၍ သမာဒါန အဓိဋ္ဌာနပုဒ်တို့၏ အနက်သဘောကို ခွဲခွဲခြားခြား မထားပဲသုံးစွဲခေါ်ဝေါ်နေကြ၏၊ (သမာဒါန) ခံယူချက်ဟူသည်

၈၃၉၈

ငါသည်လဲ ယနေ့ ဤညဉ့်ပတ်လုံးရင်း ဤနေ့ပတ်လုံးရင်း တထပ်တည်းသာ စားလေ့ရှိသည်ဖြစ်၍ ညဉ့်စာစားခြင်းမှ ရှောင်ကြဉ်သည်ဖြစ်၍ နေလွဲအခါစားခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဤအကြောင်း အင်္ဂါဖြင့်လဲ ရဟန္တာအရှင် တို့အား လျော်ညီစွာ ပြုလုပ် ပါကုန်၏။ ငါသည် ဥပုသ်ကိုလဲ ကျင့်သုံးအပ်ပြီး ဖြစ်ပေလတံ့ဟု ဆင်ခြင်၏၊ ဤဆဋ္ဌမအင်္ဂါနှင့် ပြည့်စုံပေ၏။

(၇) အသက်ထက်ဆုံး ရဟန္တာ အရှင် မြတ်တို့သည် ကခြင်း သီခြင်း တီးမှုတ်ခြင်း ပြောင့်တံကျင်သဘွယ် ကြည့်ရှု နားထောင်ခြင်း ပန်းနံ့သာရေမွှေး မျက်နှာချေကို ပန်ဆင်လိမ်းချယ်မှုကိုပယ်၍ ကခြင်း သီခြင်း တီးမှုတ်ခြင်း ပြောင့်တံကျင်သဘွယ် ကြည့်ရှုနားထောင်ခြင်း ပန်းနံ့သာရေမွှေး မျက်နှာချေကို ပန်ဆင်လိမ်းချယ်မှုမှ ရှောင်ကြဉ်တော် မူကြကုန်၏။

ငါသည်လဲ ယနေ့ ဤညဉ့်ပတ်လုံးရင်း၊ ဤနေ့ပတ်လုံးရင်း ကခြင်း သီခြင်း တီးမှုတ်ခြင်း ပြောင့်တံကျင်သဘွယ် ကြည့်ရှုနားထောင်ခြင်း ပန်းနံ့သာ ရေမွှေး မျက်နှာချေကို ပန်ဆင်လိမ်းခြယ်ခြင်းကိုပယ်၍ ကခြင်း သီခြင်း။ပ။ပန်ဆင် လိမ်းခြယ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ ဤအကြောင်း အင်္ဂါဖြင့်လဲ ရဟန္တာအရှင်တို့အား လျော်ညီစွာပြုလုပ်၏၊ ငါသည် ဥပုသ်ကိုလဲ ကျင့်သုံးအပ်ပြီးဖြစ်ပေလတံ့ဟု ဆင်ခြင်၏၊ ဤသတ္တမအင်္ဂါနှင့်ပြည့်စုံပေ၏၊

(၈) အသက်ထက်ဆုံး ရဟန္တာအရှင်မြတ်တို့သည် မြင့်သောနေရာ မြတ်သောနေရာကိုပယ်၍ မြင့်သောနေရာ မြတ်သော

နေရာမှ ရှောင်ကြဉ်တော်မူကြကုန်၏ ။ညောင်စောင်းငယ်၌သော်ရင်း မြက်အခင်း၌သော်ရင်း နိမ့်ရာ၌ အိပ်ခြင်းကို ပြုတော်မူကြကုန်၏။

ငါသည်လဲ ယနေ့ ဤညဉ့်ပတ်လုံး ဤနေ့ပတ်လုံးရင်း မြင့်သောနေရာ မြတ်သောနေရာကိုပယ်၍ မြင့်သောနေရာ မြတ်သေနေရာမှ ရှောင်ကြဉ်ပါ၏၊ ညောင်စောင်းငယ်၌သော်ရင်း မြက်ခင်း၌သော်ရင်း နိမ့်ရာ၌ အိပ်ခြင်းကိုပြုပါ၏။ဤအကြောင်းအင်္ဂါဖြင့်လဲ ရဟန္တာအရှင် တို့အား လျော်ညီစွာ ပြုလုပ်ပါ၏၊ ငါသည်ဥပုသ်ကိုလဲ ကျင့်သုံးအပ်ပြီး ဖြစ်ပေလတ့်ဟု ဆင်ခြင်၏၊ ဤအဋ္ဌမအင်္ဂါနှင့် ပြည့်စုံပေ၏။

(၉) (ဘုရားရှင်၏တပည့်သား သာဝကသည်)မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ဖြန့်၍နေ၏၊ ထိုအတူ နှစ်ခုမြောက်အရပ်မျက်နှာကို၊ ထိုအတူ သုံးခုမြောက်အရပ်မျက်နှာကို။ ထိုအတူ လေးခုမြောက် အရပ်မျက်နှာကို ဖြန့်၍နေ၏။ ဤနည်းအတိုင်း အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာ၌ အလုံးစုံသော သတ္တဝါတို့၌ မိမိကိုယ်၏အဖြစ်ဖြင့်(ငါ-မိမိနှင့် အတူပြုသဖြင့်) အလုံးစုံးသတ္တဝါရှိသော လောကကို ပြန့်ပြောသော မဟဂ္ဂုတ်ဖြစ်သော အတိုင်းအရှည် ပမာဏမှကင်းသော ရန်မရှိ ဆင်းရဲခြင်းမရှိသော မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် ဖြန့်၍နေ၏။ ဤနဝမ အင်္ဂါနှင့် ပြည့်စုံပေ၏။

ရဟန်းတို့ ဤသို့ ကျင့်သုံးအပ်ပြီးသော အင်္ဂါ ကိုးပါးနှင့် ပြည့်စုံသော ဥပုသ်သည် များသော အကျိုးရှိ၏၊ များသော အာနိသင်(အကျိုးဆက်) ရှိ၏၊ အကျိုးဖလရောင်ဖြင့် များစွာ တောက်ပ၏၊ အကျိုး ဖလဖြင့် များစွာ ပျံ့နှံ့၏။ (ပါဠိတော် ပေယျာလကို ဖော်၍အပြည့်အစုံ ဘာသာပြန်ထားပါသည်။)

## ဝိဟရတိ-ဟုသာ နာမယောဂဖြင့် ဟောရခြင်း

ဤ နဝမမြောက်အင်္ဂါကို ဟောရာ၌ **မေတ္တာသဟဂတေန ။ ပ ။ ဖရိတွာ ဝိဟရတိ**ဟု နာမယောဂဖြင့်သာ ဟောတော်မူသောကြောင့် ဝိဟရာမိ ဝိဟရဏံ သမာဒိယာမိ-ဟု မဆောက်တည်ကောင်းဟု ဆိုရာ၌ စောဒနာဘွယ် ကျန်ရှိပါသေးသည်။ ရှေ့သရုပ်ဖော်ပြအင်္ဂါရှစ်ပါးတို့၏အစ၌ ယာဝဇီဝံအရဟန္တောစသည် ဖြင့် တိုင်တန်း ဦးတည်ရာပုံစံပြ ရဟန္တာအရှင်များကို ဖော်ထုတ်သကဲ့သို့ ဤနဝမမြောက် အင်္ဂါ၌လဲ ယာဝဇီဝံ အရဟန္တော မေတ္တာသဟဂတေန စေတသာ စသည်ဖြင့် ရဟန္တာအရှင်များကို တိုင်တန်းဦးတည်ရာ ပုံစံထားပြီး အဘယ်ကြောင့် မဟောပါ သနည်းဟူ၍ရင်း၊ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ စသည်ဖြင့် သိတင်းသည် အရိယာသာဝက၏ ဆင်ခြင်ပုံ အခြင်းအရာကိုလဲ မဟောခဲ့ပါ တကား ဟူ၍ရင်း စောဒနာရန် ရှိသေး၏။

အပြေကား ရဟန္တာအရှင်တိုင်းပါ အာဘိပါတာဝိနှုတ်စသော ရှေ့အင်္ဂါ(၈)ပါးတို့နှင့် အချိန်ပြည့်အသက်ထက်ဆုံး ကိစ္စပြီးပြည့်စုံစွာ နေနိုင်ကြသကဲ့သို့ ဤနဝမမြောက် အင်္ဂါနှင့် ပြည့်စုံစွာ နေနိုင်ကြသည်မဟုတ်ပါ၊ ချာန်ရ ရဟန္တာပင်ဖြစ်သော်လဲ မေတ္တာ

စျာန် မေတ္တာဘာဝနာကိုအမြဲတန်း ပွားများဝင်စားနေကြသည် မဟုတ်၊ ဒုတိယ သံဂါယနာတင်ချိန် အခါက သဗ္ဗကာမိမဟာထေရ်တို့ကဲ့သို့တည်း၊ ထိုအရှင်ကား ရဟန်းဝါ (၁၂၀)ရှိ သက်တော်ရှည် ရဟန္တာအရှင်မြတ်ကြီးပေတည်း၊ သုညတဝိဟာရ(စတုတ္ထစျာန်ဖလသမာပတ်)ဖြင့် နေတော်မူလေ့ ရှိ၏။ ဤသို့အားဖြင့် ရဟန္တာအားလုံးနှင့် မသက်ဆိုင်သောကြောင့်ရင်း၊ အထက် အင်္ဂါ(၇)ပါးတို့နှင့် ကျင့်သုံးရပုံခြင်း မတူညီသောသဘောကြောင့်ရင်း၊ ယာဝဇီဝံ အရဟန္တော စသည်ဖြင့် နဝမအင်္ဂါကို မဟောရခြင်းဖြစ်ပေသည်။ အကယ်၍ ရှေးရှေးအင်္ဂါတို့၏ အစဉ်ကဲ့သို့ ဟောလိုလျှင် ဒေသနာတမျိုးပြောင်းလွဲချထင်ရသဖြင့် အစီအစဉ်(ဒေသနာ ပဋိသောတ) ပျက်ဘွယ်ရာ ရှိ၏။ ယင်းသို့ ယာဝဇီဝံ အရဟန္တော စသည်ဖြင့် မဟောသင့် မဟောရလျှင် အဟမ္ပဇ္ဇကုမဋ္ဌရတ္တိံ စသည်ဖြင့် ဟောဘွယ်ရာလဲ မလိုတော့ပါ၊ ရှေ့သရုပ်ပြအင်္ဂါ(၇)ပါးတို့ကိုသာလျှင် ရဟန္တာအရှင်တိုင်းပင် သမုစ္ဆေဒပဟာန်ဖြင့် ပယ်ပြီး ဖြစ်ကြ၍ ဦးတည်ရှေ့သွားပမာထား ပုံစံတင်၍ ဆင်ခြင်ရန် သင့်လျော်လှပေသည်။

ဝိဟရတိ–ဟု နာမယောဂပဌမပုရိသ်ဖြင့် ဟောရခြင်းကားအစဉ်ကွဲ့ အရိယာ သာဝကော အရ ဆင်ခြင်တတ်သောပုဂ္ဂိုလ်**ကတ္တား၏ ကြိယာပင်** ဖြစ်သော**ကြောင့်ပေတည်း**။ ထိုကြောင့် ဝိဟရာမိ ဝိဟရဏံသမာဒိယာမိ ဟု ဟောသင့်၏ဟူ၍ စောဒနာဘွယ် မလိုတော့ပါ။

ဤနဝင်္ဂုပေါသထသုတ္တန်ကား ဆောက်တည်ပုံပြ သမာဒါနာကာရ စကားမဟုတ်၊ ဆင်ခြင်ပုံပြသော စကားတို့သာ ဖြင့်ကုန်

၏။ ဤ(ပဌိသဥ္စိက္ခဏာကာရ)ဆင်ခြင်ပုံပြ စကားရပ်တို့ဖြင့် ရှေ့မဆွက အမှတ်မရှိ တစုံဘခုသော ဘာသာစကားဖြင့် ခံယူဆောက်တည်ထားပြီး သဘောအနေဖြင့် ဟောအပ်ကြောင်း သိအပ်လှပေ၏။

တဖန် နဝမအင်္ဂါ မေတ္တာသီလ၏အဆုံး၌ ငါသည် ဥပုသ်စောင့်ပြီး ဖြစ်ပေလတံ့၊ (ဥပေါသထော စမေ ဥပဝုတ္ထော ဘဝိဿတိ)ဟု ဆင်ခြင်ပုံကို အဘယ်ကြောင့် မဟောခဲ့သနည်းဟု စောဒနာလိုငြားအံ့။

ရှေးရှေးအင်္ဂါများကဲ့သို့ အတုလိုက်ဆင်ပုံပြ (အနုကရဏ) စကားမလိုပါ၊ သီတင်းသည် (အရိယာသာဝက) ကိုယ်တိုင် မေတ္တာဖြန့်ပွားနေပုံကို ပြခြင်းဖြင့် ဆင်ခြင်ပုံကိစ္စလဲ ပြပြီးသားဖြစ်ပါတော့သည်။(တသီးတခြား ဟောပြဘွယ်မလို)။ သီလဝါ သီလသမ္ပန္နော- ဟူသော သံဝဏ္ဏောတဗ္ဗပါဠိတော်၏ အဖွင့်၌- (သမာဒါနဝသေန သီလဝါ) ခံယူဆောက်တည်ခြင်း၏ အစွမ်းအားဖြင့် သီလရှိသူမည်၏။ (ပရိပူရဏဝသေန သီလသမ္ပန္နော) အပြည့်အစုံဖြည့်ကျင့်ခြင်း၏ အစွမ်းအားဖြင့် သီလနှင့် ပြည့်စုံသူမည်၏ဟု ဋီကာဆရာဖွင့်ပြအပ်သည်နှင့် အညီ ခံယူဆောက်တည်ပြီး နောက် ပိုင်းခြားအပ်သော ကာလကုန်အောင် အဆက်မပြတ်အစွမ်းရှိသလောက် ဖြည့်ကျင့်ပွားများ နေရမည့် ကျင့်ဝတ်မျိုးဖြစ်သောကြောင့် ဥပေါသထော စ။ ပ ။ဘဝိဿတိ-ဟု မဟောရခြင်းဖြစ်၏။ (ဘဝိဿတိ-ဟု အနာဂတ်ကြိယာမလိုပ !)

ဝေနေယျဇ္ဈာသယအစွမ်းဖြင့် ဟောခြင်းကြောင့် အများနှင့် မဆိုင်ဟူသော စွဲချက်၌ ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာဂတောတိဝုတ္တံ (နဝကနိပါတ် အံ-၃-၁၆၆)ဋ္ဌကထာ၏မြန်မာပြန်ကား၊ ထိုသို့ဟောလျှင် သစ္စာလေးပါးကို သိနိုင်လတ့်သော ဝေနေယျသတ္တဝါတို့၏လွန်ကဲသော အလိုဓာတ်ခံ၏ အစွမ်းဖြင့် မေတ္တာ ဘာဝနာကို သီလအဖြစ်ဖြင့် ထည့်၍ နဝင်္ဂသမန္နာဂတ-ဟု ဟောတော်မူအပ်၏။ အပစာယန ဝေယျာဝစ္စတို့ကို သီလ၌တည့်သွင်း ရေတွက်ခြင်းတို့ကဲ့တည်း။

သုတ္တန်ပိဋကဟူသည်အများအားဖြင့် ပညတ်အခေါ်အဝေါ် အမျိုးမျိုးသို့ တင်စား ဟောပြအပ်သော ဖေါဟာရဒေသနာ၊ ပုဂ္ဂိုလ်အဇ္ဈာသယအလိုက် လျော်ကပ်အောင် အခြေအနေအရ ဟောပြအပ်သော ယထာနုလောမဒေသနာဖြစ်၍ ဝေနေယျဇ္ဈာသယဝသေန-ဟုဖွင့်ဆိုရာ၌ ဝေနေယျအချိုနှင့်သာ ဆိုင်သည်။ အများနှင့်မဆိုင်၊ ငါတို့နှင့်မဆိုင်ဟု မလိုအပ်သော အဓိပ္ပါယ်လမ်းသို့ ရောင်လိုမျှ မသန်းထိုက်ပေ၊ ဝေနေယျတို့အား ဤသို့ဟောမှ သစ္စာသိမည် ထိုသို့ဟောမှ ကျွတ်တန်းဝင်မည်ဟု အတိအကျသိမှုသည်ဗုဒ္ဓဝိသယဖြစ်ရား၊ရှင်တို့ အရာသာဖြစ်သောကြောင့်တည်း။ ယခုကာလ၌ နဝင်္ဂသီလကို ကျင့်သုံးလိုသော ပုဂ္ဂိုလ်များသည်လည်း ဝေနေယျဖြစ်သင့်ပါ၏။

ဤအရာ၌ ဝေနေယျတို့၏ အစွမ်းအားဖြင့် ဟောသည်ဟု ဖွင့်ပြခြင်းကို အကြောင်းပြု၍ မပယ်သင့်ကြောင်း သာဓကတခု မှာ သံဃ ဂုဏ်တော်ပြ ဒေသနာထဲ၌ အဋ္ဌပုရိသပုဂ္ဂလာ-ဟူသော

စကားပင်ဖြစ်သည်။ ထိုစကားကို ဝိသုဒ္ဓိမဂ် ပဌမတွဲ ၂၁၂-၌ အောက်ပါအတိုင်း ဖွင့်ပြထား၏။

တွေ စ ပုရိသောတိ ဝါ ပုဂ္ဂလောတိ ဝါ ကေတ္ထာနိ တောနိ ပဒါနိ ဝေနေယျဝသေန ပနေတံ ဝုတ္တံ-ဤအဋ္ဌပုရိသ ပုဂ္ဂလာ ဟူသောပါဌ်၌ ပုရိသ-ဟူ၍ငှင်း၊ ပုဂ္ဂလ-ဟူ၍ငှင်း(ဟောအပ်ကုန်သော)ဤနှစ်ပုဒ်တို့သည် တူသောအနက်ရှိကုန်၏။သို့သော်လည်း ဝေနေယျ(ဗျာသယ)၏ အစွမ်းအားဖြင့် ဤပုရိသပုဂ္ဂလာဟူသော အနက်တူ နှစ်ပုဒ်တွဲ ဗဟုဝါစနန္တပုဒ်ကို ဟောအပ်ပေသည်။ (ဝိသုဒ္ဓိမဂ်နှင့်မြန်မာပြန်)

အထက်ပါအတိုင်း ဝိသုဒ္ဓိမဂ်၌ ဖွင့်ပြထားသောကြောင့် ပုရိသပုဂ္ဂလာ- ဟူသော နှစ်ပုဒ်တွဲသည် ဝေနေယျတို့နှင့်သာ ဆိုင်သည်။ ငါတို့နှင့်မဆိုင်ဟု ဆိုသင့်ပါမည်လော၊ ထိုသို့ဆိုပြီးလျှင် ပုဂ္ဂလာပုဒ်ကိုပယ်၍ အဋ္ဌပုရိသ-ဟု ရွတ်ဆိုပါရန် သင့်ပါမည်လော။

## မေတ္တာဘာဝနံ ပက္ခိပိတွာ

မေတ္တာဘာဝနာကို ထည့်၍ဟူရာ၌ အိုး(၈)လုံးဖြစ်နေ၍(၉) လုံးဖြစ်ရုံ အိုးတလုံးထပ်ထည့်လိုက်ရသည့် နဝင်းကြေသချာဖြစ်ရုံမျှ ထည့်ခြင်းမျိုးလဲမဟုတ်ပါ၊ လောကုတ္တရာတရား (၉)ပါးနှင့်ကိုက်အောင် ထည့်လိုက်သည့် အရာမျိုးလဲမဟုတ်ပါ။စင်စစ် သီလအရာဖြစ်၍ သီလအဖြစ်ဖြင့်သာ ထည့်သွင်းထားသည်ဟူ၍သာ

စွက်ယူသင့်ပါသည်၊ ထိုသို့ ဆည့်ခြင်းကြောင့် မေတ္တာဘာဝနာသည်၊ သမထ ဘာဝနာပင်မှန်သော်လဲ အကြောင်းပရိယာယ်အားဖြင့် သီလအရာ၌ထား၍ ကျင့်သုံးရပုံကိုသာပြသည်၊ သီလမျိုးအစစ် မဟုတ် ကျင့်ဝတ်၌တည်ခိုက်ကိုစွဲ၍ခေါ်ဝေါ်အပ်သောပရိယာယ် သီလဖြစ်ပါ၏၊ဆွေစဉ်မျိုးဆက် မပျက်လှူဒါန်းအပ်သော သလာ ကဘတ်စသော ဒါနကို ကျင့်ဝတ်၌တည်၍ လှူအပ်သောကြောင့် သီလမည်၏ဟု အဋ္ဌသာလိနီ၌ မိန့်ဆိုရာ စင်စစ်ဒါနသည် ဒါန မျှသာ ကျင့်ဝတ်ကိုအစွဲပြု၍သာ သီလအမည်ရသကဲ့သို့ပင်တည်း။ ပုညက်ရိယာ(၁၀)ပါးတွင် အပစာယန ဝေယျာဝစ္စ စုဒ္ဒသ ခန္ဓကဝတ်လာ အာစရိယဝတ် ဥပဇ္ဈာယဝတ်စသော မေတ္တာ အကြောင်းရင်းခံသော အာဘိသမာစာရိကဝတ် သာရဏီယသုတ် လာ မေတ္တာကာယကံ ဝစီကံ မနောကံကျင့်ဝတ်တို့သည် သဘော အားဖြင့် စာရိတ္တသီလ၌ သွင်းယူအပ်သော ပရိယာယ်သီလမျိုး ကိုသာဟု ၎င်းအဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြတော်မူအပ်ကုန်၏။

## စောဒနာဝင်ရန် အကြောင်းတရပ်

နဝမအင်္ဂါ၌ စေတောဝိမုတ္တိ အပ္ပနာမေတ္တာစျာန်ကိုသာ ကောက်ယူသင့်သောကြောင့် ၎င်းစျာန်ကို ဆောက်တည်၍ ကျင့် နိုင်ပါမည်လော၊ မိမိ မရရှိသေးသောစျာန်ဖြင့် အဘယ်သို့လျှင် ဖြန့်၍နေနိုင်ပါမည်နည်း ဤကားစောဒနာ–

အဖြေကား မေတ္တာဘာဝနာ၏ အစွမ်းကုန်ရနိုင်သောအဖြစ် ကို ပြသောအားဖြင့် အထွဋ်တင်ဟောမှုသာ ဒေသနာပြည့်စုံမည်

ဖြစ်၍ သီခါပတ္တ ဥသျှောင်ကိုင်နည်းအားဖြင့် ဟောကြားအပ်ပေသည်။ ယင်း စေတောဝိမုတ္တိစျာန်၏ ရှေးအဖို့ (ပုဗ္ဗဘာဂ) ကျင့်စဉ်လမ်းကြောင်းအတိုင်းမလိုက်ပဲ ၎င်းဈာန်ကို သိန်းစွန်ကဲ့သို့ ခုန်ပျံထိုးသုတ်ယူခြင်းငှာ မဘတ်ကောင်းပါ၊ လမ်းစဉ်အစ ပဘာဝမှ စတင်ကျင့်သုံးမှသာလျှင် ရယူနိုင်ပေသည်။

(ဣန္ဒြိယသံဝရသီလ စောင့်ထိန်းစပုဂ္ဂိုလ်သည်(ဩက္ကိတ္တစက္ခု) ချသော မျက်လွှာချိုဖြစ်ဖို့ပင် သတိအဘော်ထား စောင့်ရှောက်ရသည်၊ န နိမိတ္တဂ္ဂါဟီ နာနုဗျဉ္ဇနဂ္ဂါဟီ အဖြစ်သို့ရောက်ရန် အထူးရင့်ကျက်ဖို့ မဖြစ်နိုင်သေးချေ၊ တဖြည်းဖြည်း ကျင့်သားရ အားကောင်းလာမှသာ ရင့်ကျက်လာပြီး န နိမိတ္တဂ္ဂါဟီ နာနုဗျဉ္ဇဂ္ဂါဟီ အဖြစ်သို့ရောက်၍ ဣန္ဒြိယသံဝရသီလ ပြည့်စုံနိုင်သကဲ့သို့ မှတ်ယူသင့်ပေ၏။)

ရှေးဦးအစ မဆွလက်မှန် ကျင့်သုံးပွားများအပ်သော မေတ္တာဘာဝနာဟူသည်လည်းအလွန်နုနယ်သောခဏိကသမာဓိမျှကိုသာ ဖြစ်စေနိုင်သေး၍ အဒေါ်သထက် အားကောင်းလှသည် မဟုတ်ရကား ကိုယ်နှုတ်တို့ဖြင့် အစပြုကျင့်သုံးရ၏၊ အာဘိသမာစရိက ကျင့်ဝတ်ဖြင့်တည်စေ၍ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ သီလအဖြစ်ဖြင့် အားယူဖြည့်တင်း ကျင့်သုံးရ၏၊ ထိုမှ အဆင့်ဆင့် ရင့်ကျက်စေလျက် ဥပစာရသမာဓိ အပ္ပနာသမာဓိသို့ ဆိုက်ရောက်စေအပ်၏။

ဤသို့အားဖြင့် ကာယကံမေတ္တာ စသော ကျင့်ဝတ်ပဋိပတ်မျိုးသည် ပုဗ္ဗဘာဂမေတ္တာ ဘာဝနာမျိုးဟူ၍သာဆိုရသော်လည်း

စေတောဝိမုတ္တိ အပ္ပနာ၏ ရှေးအဖို့ကျခြင်းကြောင့်သာ ပုဗ္ဗဘာဂ ဟုဆိုရသည်၊ရှေးဆိုမှရှေး နမောတဿနှင့် ပု ဒိ အာ လောက်မက ဝေးကွာလှသည့် ရှေးဘာဂတည်း၊ သို့သော်လဲ အဘယ်မျှပင် ဝေးဝေး ဥပစာရအပ္ပနာကို ရှေးရှုပန်းတိုင်ထားလျှင် ပုဗ္ဗဘာဂ ဟု လှလှပိုင်ပိုင်ကြီး ဆိုနိုင်သည်သာလျှင် ဖြစ်ပေသည်။

ယခုခေတ်၌ ပါရမီဖြစ် ကုသိုလ်ဖြစ်အနေဖြင့် ဝတ်ရွတ် ကြရာဝယ် ပွားကြသောမေတ္တာကား ပုဗ္ဗဘာဂနှင့် နာမသာတူ သည် မူချင်းကား ယှဉ်မရ ခြားဆိုမှခြားလှ၏။ ဆက်ပါဦးမည် သူငါကအစ ပုဂ္ဂလအကုန် ကျောင်းတိုင်း မြို့တိုင်း ရွာတိုင်း ရပ် တိုင်း ဗုဒ္ဓသာသနာဝင် ရှိသမျှဒွာနကုန် အစုံစုံတို့၌ ပါဠိလိုတဖုံ မြန်မာလိုတမျိုးဖြင့် အားကြိုးမာန်တက် အဆက်မပြတ် ပွားတတ် သူတွေလဲ များပါ၏၊ ဝတ်ကြေဝတ်ကုန် အာရုံမထိတထိ ပွား ကြသူတွေလဲ မနည်းရှိ၏။ အားလုံး၏ သန္တာယမှန်းချက်ကို ပြရ လျှင် ကုသိုလ်လည်းရ စမ်းလည်းဝ ဆိုသည့်ပမာ ဘေးဆီးရန်ကာ မျက်နှာပွင့်လင်း လေးစားခြင်းအကျိုး စသည် မျိုးလောက်ကို သာ ရည်သန်ကာ ပွားကြသည်ကသာ များကြပေသည်၊သို့သော် လည်း ဤနည်းဖြင့် အထက်စျာန်မဂ်လမ်း ရည်ရွယ်မှုစိတ်မသန်း အောက်တန်းအခြေမှာ ထားကြလျက်သာ ပွားများချက်မေတ္တာ သည်ပင် သာရဏီယ ဒေသနာမို့လျှင် အတန်ပင်ညီလှပါသဖြင့် ထောမနာမှုများစွာပင် ပြုထိုက်လှပါပေသည်။

ဤသို့အားဖြင့် ချီးကျူးဖွယ်များလှသည့် အောက်တန်းစား အခြေခံ ဂုံသုံးတန် မေတ္တာဓမ္မသည် အာဘိုသမာစာရိက ကျင့်

သီလဆိုထိုက်သဖြင့် နဝမအင်္ဂါတွင်း ကောင်းမွန်စွာထည့်သွင်းလျက် ဆရာအဆက်ဆက် စဉ်လာအရ ယနေ့တိုင်**ကျင့်သုံးကြသည်ကို ပယ်စရာတခုလုပ်ပြီး** အမှုရှုပ်အောင်အငြင်းမပွားကြပဲ ဝိဝါဒိဘယတော ဒိတ္ထာ စသည်လာဒေသနာ၌ ယောနိသော မနသိကာရ ဓမ္မသာ အညီထားပြီး ဆသာရဏီယတရားကိုသာ ကြိုးစားအားသစ်တော် မူနိုင်ကြပါစေသတည်း။

## ဘာဝနာဖြစ်၍ ကာယဝစီနှင့် မသက်ဆိုင်ပါ ဟူရာ၌

အတ္တနာစ အနုဘိဇ္ဈာလု ဟောတိ ပရဉ္စအနုဘိဇ္ဈာယ သမာဒပေတိစသော ဒသင်္ဂုတ္တရပါဠိတော်လာ စကားရပ်တို့ဖြင့်ပင် မနောဒုစရိုက် မနောသုစရိုက်တို့၏ ကာယကံလည်း မည်သင့်ပုံ သမာဒါန သမာဒိယာမိ ကိရိယာပုဒ်တို့ဖြင့်လဲ ဆောက်ဘည်ပုံ ဆောက်တည်စေပုံ အထင်အရှား သိသာလှပါ၏။အထူးအားဖြင့် ပါထိကဝဂ် စက္ကဝတ္တိသုတ်ဝယ် အထက်တန်းစသည် ဆုတ်ယုတ်ပုံကို ပြဆိုရာ၌ မေတ္တာတရား ခေါင်းပါးကြသောအခါ အသက်(၂၅၀၀) တန်းမှ (၁၀၀၀) တန်းအထိ ကျဆင်းသွားပုံ၊ အသက်တန်းစသည် တိုးတက်ပုံပြဆိုရာ၌လည်း ဗျာပါဒပယ်စွန့်၍ အဗျာပါဒ မေတ္တာကုသိုလ်ကို သမာဒါနပြု၍ ကျင့်ကြသောအခါ အသက် (၄၀၀၀)တန်းမှ (၈၀၀၀)တန်းအထိ တိုးတက်လာပုံစသည် ဟောထားသောပါဠိတော်များကို တွေ့မြင်ရသဖြင့် မနောဒုစရိုက်မှ ရှောင်ကြဉ်စွန့်ပယ်မှု မနောသုစရိုကတို့ကို ခံယူဆောက်တည်မှုသည် သီလအရာဖြစ်သင့်ကြောင်း သိသာလှပါသည်။ ထိုမှတပါး ဣန္ဒြိယ သံဝရ သီလ စသည်ကို စောင့်ထိန်းခြင်းဖြင့် ရရှိလာ

သော အနဘိဇ္ဈာ အဗျာပါဒစသော ကုသိုလ်တရားဘို့ဟူသည် မနော သုစရိုက်တို့ပင်ဖြစ်၍သီလမျိုးဖြစ်ကြောင်း အရာဌာနအား လျော်စွာသိအပ်ပေ၏။ အာဒိဗြဟ္မစရိယကသီလကို လုံလောက်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုသည် ဣန္ဒြိယသံဝရသာ ကြီးမားသော အကြောင်းဖြစ်၏။ ထို့ကြောင့် ဆက္ကနိပါတ် အံ-ဋ္ဌ (နှာ ၁၁၆)၌ ဣန္ဒြိယသံဝရဿ သီလရက္ခဏ ဟေတုတ္တာ ဝုတ္တံ သီလာနုရက္ခဏဣန္ဒြိယ သံဝရော ကထိတောတိ ဟု မိန့်ဆိုထားပေ သည်။ စက္ခုစသောဣန္ဒြေကိုကို စောင့်စည်းခြင်း၏ သီလလုံခြုံမှု၏ ဒအကြောင်းဖြစ်သောကြောင့် သီလာနုရက္ခဏ ဣန္ဒြိယသံဝရော ကထိတော ဟူ၍အဋ္ဌကထာဆရာ ဆိုအပ်ပြီ၊ (၎င်း၏ဘာသာပြန်) (ပဓာနဖြစ်သော ပါတိမောက္ခသံဝရသီလ လုံခြုံကြောင်းကား ဣန္ဒြိယသံဝရသီလဟူလို)

## ပဟာယက ပဟာတဗ္ဗဖြင့် စိစစ်ချက်

ကိလေသာတို့သည် ပယ်သတ်ရာဌာန အပိုင်းအခြားအားဖြင့် ဝါ-ဖြစ်ပွားတည်ရှိရာ အပိုင်းအခြား အားဖြင့် (၁) ဝီတိက္ကမဘူမိ (၂)ပရိယုဋ္ဌာနဘူမိ၊(၃)အနုသယဘူမိဟု (၃)မျိုးရှိကုန်၏၊ ထို (၃)မျိုးတို့တွင် ဝီတိက္ကမနယ်သို့ ထကြွမလာအောင် ငြိမ်းစေ သဖြင့် ပယ်မှုသည် သမာဓိ၏ ဝိက္ခမ္ဘနကိစ္စတည်း၊ အနုသယနယ်၌ သာ အကြွင်းမဲ့ ချုပ်ပျောက်စေသဖြင့် ပယ်မှုသည် ဝိပဿနာ ပညာမဂ်ပညာ၏ သမုစ္ဆေဒကိစ္စတည်း၊ အကယ်၍ မနောဒုစရိုက် (၃)ပါးတို့သည် ဝီတိက္ကမကိလေသာအဖြစ်သို့ မရောက်လာကုန်ပဲ ပရိယုဋ္ဌာနဘူမိ၌သာ တည်ကုန်အံ့၊ မနောကံဖြစ်၍ ဘာဝနာ အရာ

သာ သီလနှင့်မသက်ဆိုင် မပယ်နိုင်ဟုဆိုသောဝါဒသည် သင့်ဘွယ်ရာ ရှိပေ၏။ စင်စစ်မှာမူကား ထိုမနောဒုစရိုက်တို့သည် ဘူမိ(၃)ဌာနလုံးတို့၌ ဖြစ်ပေါ်တည်ရှိရုံမျှမက ရှေ့ဆက်စရာရှိက ရပ်ကြမည် မဟုတ်သေးဟု ဆိုရမည်ကဲ့သို့ ဖြစ်ကုန်၏။ ထို့ကြောင့် ယင်းဝါဒကို မသင့်ဟုမှတ်အပ်၏။

## မနောဒုစရိုက်ဟူသော လောဘ ဒေါသ မောဟ ပယ်မှုဟူသည်

မနောဒုစရိုက်ကို ပယ်စွန့်မှုဟူသည် သီလအရာမဟုတ်ဟု ဆိုကြသော ဝါဒကို ထပ်မံရှင်းပါဦးမည်။ မဂ်၏ ပုဗ္ဗဘာဂရှေ့အဘို့၌ ဘာဝနာကုသိုလ်ပင် ဖြစ်စေကာ ကိလေသာ အကုသိုလ်တရားကို အကြွင်းမဲ့ ပယ်ရှားနိုင်သည်မဟုတ်ပါ၊ အရာဌာနအားလျော်စွာ တဒင်္ဂဝိက္ခမ္ဘနပဟာန် တို့ဖြင့် ပယ်စွန့်ကြရ၏၊ လောဘ ဒေါသအကြောင်းရင်းရှိသော ဒုစရိုက်တို့ကို စာရိတ္တသီလ ဝါရိတ္တတို့ဖြင့်လဲ ပယ်စွန့်ကြရ၏၊ သံမောဟကို ပစ္စယသန္နိဿိတသီလဖြင့်လဲ ပယ်စွန့်ရ၏။ (သမထဝိပဿနာ) ဘာဝနာတို့ဖြင့် ဒုစရိုက်အလုံးစုံကို ထိုက်သည်အားလျော်စွာ ပယ်စွန့်ကြရ၏၊ ထိုသီလဘာဝနာတို့သည် အချင်းချင်း အပြန်အလှန် အညမည ကျေးဇူးပြုဘက်တို့သာတည်း၊ သီလပရိဓောတာ ပညာ ပညာပရိဓောတံ သီလံ၊သီလဖြင့်ပညာကိုပြည့်စုံစွာစင်ကြယ်စေအပ်သည်၊ ပညာဖြင့် သီလကို ပြည့်စုံစင်ကြယ်စေအပ်သည်ဟူသော သောဏဒဏ္ဍသုတ်လာ စကားဖြင့် ထင်ရှားလှ၏။ ဒေါသပဋိပက္ခတ္တာ သီလဿ ဟူရာ၌ သီလ၏ဆန့်ကျင်ဘက် ဝိရောဓိကား ဒေါသဖြစ်သကဲ့သို့ သီလ၏ မိတ်ဘက်အနုကူလကား အဒေါသမေတ္တာသာ ဖြစ်၏

သီလခံယူဆောက်တည်ရုံမျှဖြင့် သီလ ပြည့်စုံကြသည် မဟုတ်၊ အာဘိသမာစာဝိက ကျင့်ဝတ်ဖြင့် ဆက်လက် ဖြည့်ကျင့်မှသာ ပြည့်စုံနိုင်ကြ၏။ (ဝတ္တံ အပရိပူရေန္တာ သီလံ န ပရိပူရတိ) ဝတ်ကြီးဝတ်ငယ် မပြည့်ကျင့်က သီလမပြည့်စုံ ဝတ်ကြီးဝတ်ငယ် ဖြည့်ကျင့်သော်သာ သီလ လုံခြုံပြည့်စုံသည်ဟု မိန့်ဆိုချက်အရ သီလဆောက်တည်ပြီးနောက်အမှန်းတင်ဖြည့်ကျင့်အပ်သော ကျင့်ဝတ်ဟူသည် မေတ္တာအရင်းခံ ပြဋ္ဌာန်းသော အာဘိသမာစာရိက သီလ (ဝါ) စာရိတ္တသီလတို့သာတည်း၊ ထိုအာဘိသမာစာရိက ကျင့်ဝတ်သီလတို့ဟူသည် ရဟန်းသာမဏေ တို့မှာ ခန္ဓကလာ အာစရိယဝတ်စသည်တို့ ဖြစ်ကုန်၏၊ လူတို့မှာ မိဘဝတ် ဆွေဝတ် မျိုးဝတ် စသည်တို့ဖြစ်ကုန်၏၊ ထိုကြောင့်မေတ္တာအရင်းခံ ပြဋ္ဌာန်းသော အာဘိသမာစာရိက သီလသည် (အာဒိဗြဟ္မစရိယက) ပဓာနသီလလုံခြုံပြည့်စုံမှု၌ မရှိလျှင်မဖြစ် မပါလျှင် မပြီးသော ထောက်ပံ့စုစည်း ကျားကန်မှုကြီးတခုဖြစ်ကြောင်း ထင်ရှားလှ၍ အလေးအနက် ခံယူကျင့်သုံးထိုက်ပေ သတည်း။

## သမ္မာဒိဋ္ဌိကိုလည်း သီလ အရာထားပြီး ဆောက်တည်ထိုက်ပါသလော

ဆိုအပ်ပြီးသော စကားရပ်တို့ဖြင့် အဒေါသမေတ္တာအရေးပါ အရာရောက်၍ ဆောက်တည် ကျင့်သုံးအပ်ကြောင်း သိရပါပြီ၊ အလားတူ အရာရောက်သော သမ္မာဒိဋ္ဌိကိုလည်း သီးခြား ဖေါ်ထုတ် ဆောက်တည်ထိုက်သည် မဟုတ်လောဟု စောဒနာရန်ရှိ၏၊ ကောင်းသော စောဒနာခြင်းပါ အရေးပါ အရာရောက်လှသော

ကြောင့်ပင် ဗုဒ္ဓသာသနာဝင်သူတော်စင်တိုင်းအခြေခံဥပဒေအရာ တည်သော သရဏဂုံ ဆောက်တည်ခံယူမှုကြီးကို တရားဝင် လက်မှတ်ထိုးသည့်ပမာ ပြုကြရမည် မဟုတ်ပါလော၊ ယင်းသို့ ဆောက်တည်အပ်သော သရဏဂုံဟူသည် သမ္မာဒိဋ္ဌိပင်တည်း၊ ယင်း သမ္မာဒိဋ္ဌိဟူသည် ပုညကြိယာ ၁၀-ပါးတို့တွင် ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိပင် တည်း၊ဎင်းကိုပင် ဓမ္မဋ္ဌိတိဉာဏ်ဟူ၍ရင်း၊ ယထာဘူတဉာဏ်ဟူ၍ ရင်း၊ကမ္မဿကတာဉာဏ်ဟူ၍ရင်း အရာဌာနအလိုက် အမည်သတ်မှတ် ပေါဆိုအပ်၏၊ ယင်းသမ္မာဒိဋ္ဌိဉာဏ်ကင်းမဲ့က သီလလည်း အရာမရောက်၊ဘာဝနာလည်းခရီးမပေါက်သည့်ပြင် အောက်တန်းစား ဒါနပင် လိုအင်မပြီး အချည်းနှီး ဆိုရမည်လောက် အဖြစ်ဆိုး ရောက်ခဲ့ရကား ဗုဒ္ဓသာသနာဝင် စာရင်းအရေအတွက်မှ လွတ်ကင်းလျက် ဖြစ်ရတော့၏၊ ထိုကြောင့် ယင်းသမ္မာဒိဋ္ဌိကို ဒါနအတွင်း၌ပင် စာရင်းဝင်ရကား သီလဘာဝနာဝယ် ဆိုဘွယ်ပင်မရှိ သမာဒိယာမိနှင့်လဲ တဲ့ ဘာဝေမိနှင့်လဲ အဆင်ပြေ အောက်ခြေမလွတ်အောင် အမြဲတန်း ဆုပ်ကိုင်ရမည့် ဓမ္မမဏ္ဍိုင်ကြီး ဖြစ်ပေသတည်း။

ဤစကားရပ်တို့ဖြင့် မနောဒုစရိုက် ပယ်မှုသည် သီလအရာမဟုတ်ဟူ၍ရင်း ကာယကံ ဝစီကံအရာမဟုတ် ဘာဝနာ အလုပ်သာ ဟူ၍ရင်း စွပ်စွဲပြောဆိုကြသော ပုဂ္ဂိုလ်တို့၏ ဝါဒကို တိကျခိုင်လုံစွာ ရှင်းလင်းသုတ်သင်အပ်ပေ သတည်း။

## အဓမ္မံ ဓမ္မောတိ ဒီ ပေတိ့အရ မိစ္ဆာအယူဖြစ်ခဲ့ပေ၏ စသော စွပ်စွဲချက်ကိုဖြေရှင်းခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး အနှစ်ဘရာမြောက်ကာလ၌ ဝေသာလီပြည်၌နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့ကဲ့သို့ ကပ္ပတိ သိင်္ဂီလောဏကပ္ပေါစသော ဒသဝတ္ထုတိုကို ပြောဆိုကုန်လျက် အဓမ္မ အဝိနယ သာသနာကိုပြုကုန်၍ ပညတ်တော် သိက္ခာပုဒ်ကို ဖျက်ဆီးခြင်းမျိုးသည်သာ အဓမ္မကို ဓမ္မဟုပြရာရောက်၍ အဓမ္မံ ဓမ္မောတိ ဒိပေတိမည်နိုင်၏။ 'ရွှေငွေကို အလှူခံကောင်းသည်' ဆေးအလိုငှာ အကပ်ခံအပ်သော သတ္တာဟကာလိကသည် အသက်ထက်ဆုံးအပ်သည်' စသည်ဖြင့် ဟောပြောဆုံးဖြတ်ခြင်း စသည်တို့သာ စေတနာဆိုးရှိမူ အဓမ္မကို ဓမ္မ ဓမ္မကို အဓမ္မဟု ပြရာရောက်၏၊ ထိုအတူ ဖဿသည် ရုပ်ဟူ၍ရင်း၊ အဋ္ဌကလာပ် ၈-ခုမဟုတ်၊ ၄-ခုဟူ၍ရင်း၊ စိတ်သည် ဘာကိုမျှ အာရုံမပြုဟူ၍ ရင်း (အဓမ္မကို ဓမ္မ ဓမ္မကို အဓမ္မ) အမှားကို အမှန်ဖြစ်အောင် အမှန်ကို အမှားဖြစ်အောင် ပြောဆိုခြင်းမျိုးသာ အဓမ္မံ ဓမ္မောတိ ဒီပေတိ စသည်အရ အမှားပြုဖြစ်နိုင်၏၊ အကယ်၍ အဗျာပါဒ အဒေါသမေတ္တာတရားကို ပါဠိတော်စသည်တို့၌ သိလမည်ပုံ ဆောက်တည်ခံယူစေပုံ အရိပ်အရောင် ပရိယာယ်မျှ ဟောကြားအပ်သော ဒေသနာစကား မရှိပါဘဲ စေတနာ ကောင်းဖြင့် ဆောက်တည်စေကာမူ အဓမ္မကို ဓမ္မဟု ပြဆိုရာ မရောက်နိုင်၊ ဘိလပ်ရည်ကို ဟင်းချိုအမှတ်ဖြင့် သုံးဆောင်ပါဆိုလျှင် ဘိလပ်ရည်ကို ဟင်းချိုအဖြစ်ဖြင့် သောက်ခြင်းကြောင့် ဘိလပ်ရည်သည်

ဘိလပ်ရည်မျှသာ ဟင်းချိုမဖြစ်နိုင်၊ ဟင်းချိုသည် ဟင်းချိုမျှ ဘိလပ်ရည်မဟုတ်၊ သို့ရာတွင် ခိုင်းသူလည်းဒါနမြောက် သောက်သူလည်း အကျိုးရောက်၏၊ ဤဥပမာ အတိုင်းပင် မေတ္တာကို သီလအဖြစ်ဖြင့်ဆောက်တည်ရာ၌ အလုပ်ကိစ္စကား သူ့သဘောနှင့် သူ့ကိစ္စ ဘခြားစီရ တမျိုးစီဖြစ်ချဲလဲ အကျိုးထူး မယုတ်နိုင်သည့် အပြင် အစိဋ္ဌာန်ပါရမီပင် အပိုရနိုင်သောကြောင့် အဘယ်မှာ အဓမ္မကို ဓမ္မပြုလုပ်ရာ ရောက်နိုင်တော့အံ့နည်း။

**အပညတ္တံ ပညပေတိ- စသည်ဖြင့် စွပ်စွဲမှုကိုဖြေရှင်းချက်**

နဝံ အဓမ္မိကံ ကတိကဝတ္တံ ဝါ သိက္ခာပဒံ ဝါ ဗန္ဓန္တော အပညတ္တံ ပညပေတိ နာမ၊ ပုံရာဏသန္ထတဝတ္ထုသ္မိံ သာဝတ္ထိယံ ဘိက္ခူ ဝိယ (ဒီ-မဟာဝဂ္ဂ-၄-၁၁၅) တရားနှင့် မလျော်သော အသစ်အဆန်း ကတိကဝတ်ကို ဖွဲ့နှောင်ကုန်သော ရဟန်းတို့သည် မပညတ်အပ်သည်ကို ပညတ်သည် မည်ကုန်၏၊ ပုရာဏသန္ထတ ဝတ္ထု၌ သာဝတ္ထိပြည်နေ ရဟန်းတို့ကဲ့သို့တည်း။(မြန်မာပြန်)

ထိုရဟန်းတို့သည် တကိုယ်တော်တည်း ဆိတ်ဆိတ် နေတော်မူသော ဘုရားထံ အကြင်ရဟန်းသည် ချည်းကပ်ငြားအံ့၊ ထို ရဟန်းအား ပါစိတ်အာပါတ်သင့်စေဟု မိမိတို့အရာမဟုတ်သော ဗုဒ္ဓဝိသယဘုရားရှင်၏ အရာသာဖြစ်သော သိက္ခာပုဒ်ပညတ်မှုကို ပြုကြကုန်၏။ ဤအဋ္ဌကထာ မိန့်ဆိုချက်အရ မပညတ်အပ်သည် ကို ပညတ်ခြင်းဟူသော အဓိပ္ပါယ်ကို တိကျစွာမခံယူပဲ အစွပ်စွဲ လွှယ် မဖြစ်ကြပါကုန်လင့်။

ပညတ္တံ သမ္မုတိ္တနိ္တ ပညတ်တော်ကို ဖျက်ဆီးတတ်ကုန်၏ဟူသည် ပညတ်တော်မူအပ်သော ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့ကို ရှိသေစွာ လိုက်နာကျင့်သုံးမှု မပြုသော ပုဂ္ဂိုလ်များပင်တည်း။

## ကုခိတ္တော သဗ္ဗေကု စ နိပတိတော

အဓမ္မံ ဓမ္မောတိ ဒီပေတိ အပညတ္တံ ပညပေတိ-စသည်တို့ကို ဟောပြဖွင့်ဆိုရာ ပါဠိ အဋ္ဌကထာတို့ကို သေချာစေ့ငု လေ့လာမှု မပြုကြကုန်ပဲ စွပ်စွဲလွယ် ပြောဆို လွယ်ကြသော ပုဂ္ဂိုလ်တို့သာ 'အဘယ်သို့ပစ်သည့်မြှား အဘယ်သို့ ကျမှန်းလည်းမသိ' ဟူသော ပေါရာဏ ဂရုဟာ ရှေးဆရာတို့ 'ပြစ်တင်ချက်ကထာမှ လွတ်ဘွယ်ရာမရှိ ငြိစွန်းဖို့ရှိတော့၏။

## စည်းလွတ်မျဉ်းလွတ်ပုဂ္ဂိုလ်

အထက်ပါ မြှား ပစ်မှားသကဲ့သို့ ဖြစ်ရသော ပုဂ္ဂိုလ်ကြီး၏ အယူဝါဒကို တဆင့်လက်ဝေခံသုံး ပြောဆိုနေသူဟုထင်ရသော ရဟန်းတပါး၏ တာဝန်မဲ့ ပြောဟောနေသည်ကို ကိုယ်တိုင်လည်း ကြားသိရဘူး၏၊ တဆင့် လျှောက်ထားခြင်းဖြင့်လည်း သိရ၏။ ထိုအရှင်၏ဟောပြောပုံ သိရသလောက်မှာ-

ဤနဝင် ဥပုသ်သီလကို အင်္ဂုတ္တိုရ်ပါဠိတော်၌ ဗြဟ္မဏလုလင် တဦးအား ရည်ရွယ်၍ ဟောထားချက် ရှိသည် မှန်သော်လည်း အများနှင့် မသက်ဆိုင် ထိုလုလင်သာ ဆိုင်သည် ထိုကြောင့်

နဝဂ်သီလကို ရဟန်းတော်များမပေးကောင်း ပေးလျှင် အပညတ္တိ ပညပေတိအရ အာပတ်သင့်သည်၊ လူပုဂ္ဂိုလ်များ သူတို့ဘာသာ အလျှောက် ဆောက်တည်လိုက ဆောက်တည်နိုင်သည်....ဟူ၏။ (သေချာစစ်မှန်မှုကို လိုလားကုန်သော ပညာရှိသူတော်စင်တို့ တုန်လှုပ်ဘွယ် ကောင်းလှ၏။)

## အတိဝါကျ' တိတိက္ခ'ဿ' ဆိုသော်လည်း

အဆိုပါ စွပ်စွဲပြောဆိုမှုမျိုးကို သည်းခံနေက အစစ်အမှန် ကျသော ယထာဘူတသာသနာ ဆုတ်ယုတ် အားနည်းဘွယ်ရာပေ တကား-ဟု ယောနိသောမနိသိကာရ အသင့်နှလုံးထားမိခြင်း အကြောင်းတရပ်ကြောင့်လဲ ဤဝိနိစ္ဆယကျမ်းစာ ထွက်ပေါ်လာ ရခြင်းဖြစ်ပါသတည်း။

ဤတွင် ထိုထိုပုဂ္ဂိုလ်တို့ စွပ်စွဲချက်အားလုံးကို သိမ်းကျုံးဖြေ ရှင်းလျက် မှတ်သားဘွယ် အနက်အဓိပ္ပါယ်တို့ဖြင့် မကျယ်မကျဉ်း ဆုံးဖြတ်ရာ ရှုခင်းသည် ပြီးဆုံးမြင်း ဆောက်ပါပြီ။

### ဂွာဝတာ ၈-

သုနိဋ္ဌိတမိဒံ ကမ္မံ မေတ္တာ ဂန္ထပဝါယိတံ၊
မေတ္တာသီလ ဝိဝါဒမှို မေတ္တာသိနေဟသခ်တံ။

၈-လုံးစုံသိမ်းအုပ် နိဂုံးချုပ်အံ့၊ ဂွာဝတာ-ဤမျှ အတိုင်း အတာရှိသော စကားစဉ်ဖြင့် မေတ္တာသီလဝိဝါဒမှို-မေတ္တာသီလ

ဝိဝါဒကြောင့်၊ မေတ္တာသိနေ့ဟသခ်တံ-မေတ္တာအဆီ ဩဇာရည်တွင် ဉာဏ်ကြည်လောင်းထပ် ဖန်တည်းအပ်သော၊ မေတ္တာဂန္ဓပါယိတံ-မေတ္တာယနံ့ သင်းပျံ့ထုံလှိုင် မွှေးကြိုင်စွာသော၊ ဤဒိကမ္မ မေတ္တာသီလ နိစ္စဓူယပြု ဤကောင်းမှုသည်၊ သုနိဋ္ဌိတံ-ကောင်းစွာပြီးမြောက် အဆုံးရောက်ပြီ။

—o—